မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် ( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၅**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် )

**၂၀၁၆ ခုနှစ်၊ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၂၀၁၆ ခုနှစ်၊ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့် အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **“၂၀၁၆ ခုနှစ်၊ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးရဲထွဋ်<br>ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးသိန်းညွန့်<br>ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁)<br>ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်လှိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအုန်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးဉာဏ်ထွန်းအောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၇) ဦးဝင်းထွန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

(၈) ဦးခင်မောင်စိုး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(၉) ဦးဇေယျာအောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန

(၁၀) ဒေါက်တာဒေါ်ခင်စန်းရီ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၁၁) ဒေါက်တာသန်းအောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(၁၂) ဦးအေးမြင့်ကြူ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၃) ဦးဌေးအောင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၁၄) ဗိုလ်ချုပ်အောင်စိုး အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၁၅) ဦးလှထွန်း အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး

(၁၆) ဦးဇော်သန်းသင်း တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေ (မူကြမ်း)

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အသင်း**ဆိုသည်မှာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်ရွယ်ချက်တစ်ခုခုအတွက် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက် လူအများစုပေါင်းဖွဲ့စည်းထားသည့်အသင်း၊ အသင်းခွဲ၊ အသင်းစု၊ အဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ပါတီ၊ ကော်မတီ၊ ကလပ်နှင့် အခြားအလားတူအဖွဲ့အစည်းတို့ကို ဆိုသည်။

(ခ) **အမှုဆောင်အဖွဲ့**ဆိုသည်မှာ အသင်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် ဆုံးဖြတ်ချက်များအရ အသင်း၏မူဝါဒကိုဖြစ်စေ၊ အသင်းနှင့် အခြားအဖွဲ့အစည်းတို့ ဆက်သွယ်ရေးဆိုင်ရာ မူဝါဒကိုဖြစ်စေ သတ်မှတ်ရန်သော်လည်းကောင်း၊ အသင်းကိုဖြစ်စေ၊ အသင်းနှင့်အခြားအဖွဲ့အစည်း၏ ဆက်သွယ်ထားမှုကိုဖြစ်စေ၊ စီမံခန့်ခွဲရန် သို့မဟုတ် ကြီးကြပ်အုပ်ချုပ်ရန်သော်လည်းကောင်း ဆောင်ရွက်သောအဖွဲ့ကို ဆိုသည်။

(ဂ) **နိုင်ငံရေးဆောင်ရွက်မှု**ဆိုသည်မှာ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အစိုးရအဖွဲ့အဆင့်ဆင့်တွင်သော်လည်းကောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲများတွင်သော်လည်းကောင်း၊ စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ရေး ရွေးကောက်ပွဲများတွင်သော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခံရာထူးတစ်ခုခုတွင်သော်လည်းကောင်း ပါဝင်ဆောင်ရွက်မှုကို ဆိုသည်။

**ခြွင်းချက်**

သို့ရာတွင် ရွေးကောက်ပွဲများ၌ တည်ဆဲဥပဒေအရ ကိုယ်တိုင်အရွေးခံခြင်း သို့မဟုတ် မဲပေးခြင်း ပြုသူကသော်လည်းကောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများအရ ခန့်အပ်ခြင်းခံရသည့် အရာထမ်း၊ အမှုထမ်းနှင့် တာဝန်လွှဲအပ်ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်များကသော်လည်းကောင်း သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်သော ဆောင်ရွက်ချက်များသည် နိုင်ငံရေးဆောင်ရွက်မှုနှင့် သက်ဆိုင်ခြင်းမရှိ။

(ဃ) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

### အခန်း (၂)

### တားမြစ်ချက်များ

၃။ မည်သူမျှ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအနေဖြင့်သော်လည်းကောင်း၊ အမှုဆောင်အဖွဲ့အနေဖြင့်သော်လည်းကောင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူလအခွင့်အရေးတစ်ခုခုကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ပျက်ပြားစေမည့်အကြောင်း ဖြစ်ပေါ်စေရန်သော်လည်းကောင်း တစ်စုံတစ်ရာပြုလုပ်ခြင်း၊ အကြံပေးခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(ခ) လက်နက်ကိုင်နည်းဖြင့် နိုင်ငံရေးဆောင်ရွက်မှုပြုရန် ရေးရှုချက် သို့မဟုတ် ကျင့်သုံးချက်တစ်ခုခုကို ပြုလုပ်ခြင်း၊ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ မည်သည့်အာဏာရှင် နိုင်ငံရေးစနစ်ကိုမဆို ရေးရှုရန်၊ တည်ထောင်ရန် သို့မဟုတ် ကျင့်သုံးရန်တစ်စုံတစ်ရာပြုလုပ်ခြင်း၊ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(ဃ) ပါတီစုံဒီမိုကရေစီစနစ်ကို ပျက်ပြားစေရန် ကြံရွယ်သော သို့မဟုတ် ပျက်ပြားစေမည့် အကြောင်းဖြစ်ပေါ်စေသော ပြုလုပ်ခြင်း၊ အကြံပေးခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သည့်ရဲတပ်ဖွဲ့တစ်ခုခုကိုမဆို ဖွဲ့စည်း၍ စီမံအုပ်ချုပ်သည့်စနစ်မျိုး တည်ထောင်ခြင်း၊ တည်ထောင်ရန်အားထုတ်ခြင်း၊ အကြံပေးခြင်း၊ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော အခြေခံမူများကို ဆန့်ကျင်သည့်အဖွဲ့အစည်းများနှင့် လုပ်ငန်းများကိုထောက်ခံခြင်း၊ အားပေးခြင်း သို့မဟုတ် ဝါဒဖြန့်ချိခြင်း။

၄။ မည်သည့်အသင်း သို့မဟုတ် အမှုဆောင်အဖွဲ့မျှ ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော အသင်းဝင်တစ်ဦးဦးကို အရေးယူရန် ပျက်ကွက်ခြင်းမရှိစေရ။

၅။ မည်သည့်အသင်းဝင် သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်မျှ မိမိအသင်း သို့မဟုတ် အမှုဆောင်အဖွဲ့က ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိလျက်နှင့်ထိမ်ချန်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမပြုရ။

## အခန်း (၃)

## ပြစ်ဒဏ်များ

၆။ မည်သူမဆို တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အသင်းအနေဖြင့်သော်လည်းကောင်း၊ အမှုဆောင်အဖွဲ့အနေဖြင့်သော်လည်းကောင်း ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို **သုံးနှစ်ထက်မပိုသော** ထောင်ဒဏ်ချမှတ်ရမည်။

၇။ မည်သည့်အသင်း သို့မဟုတ် အမှုဆောင်အဖွဲ့မဆို ပုဒ်မ ၄ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ မည်သည့်အသင်းဝင် သို့မဟုတ် အမှုဆောင်အဖွဲ့ဝင်မဆို ပုဒ်မ ၅ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို **သုံးနှစ်ထက်မပိုသော** ထောင်ဒဏ်ချမှတ်ရမည်။

## အခန်း (၄)

## အထွေထွေ

၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်ရန်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်ရန် ဟောပြောခြင်းနှင့်သော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် **နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်** ကို ရယူရမည်။

၁၀။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ခရိုင်တရားရုံးအောက်နိမ့်သော မည်သည့်တရားရုံးကမျှ စီရင်ခြင်းမပြုရ။

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် -

(က) နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၂။ ဤဥပဒေဖြင့် ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ သြဂုတ်လ ၃၁ ရက် )

**နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ (မူကြမ်း)**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။ )**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆို    ရက်

( ၂၀၁၅ ခုနှစ်၊ သြဂုတ်လ    ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လုပ်ဆောင်မှုများ**ဆိုသည်မှာ စက်မှု၊ သုတေသနနှင့် ဆေးဘက်ဆိုင်ရာလုပ်ငန်းရည်ရွယ်ချက်များအတွက် ဓာတ်ရောင်ခြည်ပင်ရင်းများကို ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ရောင်းဝယ်ဖောက်ကားရန်အလို့ငှာသိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ တင်သွင်းခြင်းနှင့်တင်ပို့ခြင်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ အဆောက်အအုံများအတွက် မြေနေရာလေ့လာရွေးချယ်သတ်မှတ်ခြင်း၊ ဆောက်လုပ်ခြင်း၊ လုပ်ငန်းစတင်ခြင်း၊ လည်ပတ်မောင်းနှင်ခြင်း၊ လုပ်ငန်းဖျက်သိမ်းခြင်း၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲရေးလုပ်ဆောင်မှုများနှင့် လုပ်ငန်းတည်နေရာပြန်လည်ပြုပြင်ထူထောင်ခြင်းတို့ကို ဆိုသည်။

(ခ) **လုပ်ငန်း**ဆိုသည်မှာ ပင်ရင်း သို့မဟုတ် ဓာတ်ရောင်ခြည်ထုတ်လွှတ်သည့်လမ်းကြောင်းများထပ်တိုးခြင်း သို့မဟုတ် ထပ်တိုးသည့် ဓာတ်ရောင်ခြည်ပေးရမည့်လူများအတွက် ဓာတ်ရောင်ခြည်ထုတ်လွှတ်မှု ချဲ့ထွင်ခြင်း သို့မဟုတ် လက်ရှိပင်ရင်းများက ဓာတ်ရောင်ခြည်ထုတ်လွှတ်သည့် လမ်းကြောင်းများ၏ ကွန်ရက်များကို မွမ်းမံခြင်းကြောင့် လူအများသို့ဓာတ်ရောင်ခြည်ထုတ်လွှတ်မှု သို့မဟုတ် ဓာတ်ရောင်ခြည် သင့်ရန် အလားအလာရှိမှုတိုးပွားခြင်း သို့မဟုတ် ဓာတ်ရောင်ခြည်သင့်ဦးရေတိုးပွားစေသည့် လုပ်ငန်းများကို ဆိုသည်။

(ဂ) **နောက်ဆက်တွဲစာချုပ်**ဆိုသည်မှာ ချူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်နှင့် ဆက်နွှယ်ပြီး မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီတို့အကြား လက်မှတ်ရေးထိုးထားသော ချူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးကို ကျင့်သုံးရေးအတွက် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ထပ်တိုးချုပ်ဆိုသည့်စာချုပ်ကို ဆိုသည်။

(ဃ) **လုပ်ငန်းနေရာ**ဆိုသည်မှာ ချူကလီးယားအဆောက်အအုံတစ်ခုအတွက် နိုင်ငံတော်ကသတ်မှတ်ထားသော ဒီဇိုင်းသတင်းအချက်အလက်များနှင့် ကိုက်ညီမှုရှိသည့်လုပ်ငန်းရပ်ဆိုင်းထားသော အဆောက်အအုံ အပါအဝင်နှင့်ချူကလီးယားဒြပ်ပစ္စည်းများအသုံးပြုနေသည့်လုပ်ငန်းရပ်ဆိုင်းထားသော အဆောက် အအုံပြင်ပတည်နေရာများအပါအဝင်ချူကလီးယားဒြပ်ပစ္စည်းများ အသုံးပြုနေသည့်လုပ်ငန်းလည်ပတ်မှု မရှိသော ချူကလီးယားအဆောက်အအုံအဖြစ်သတ်မှတ်ထားခြင်းမရှိသည့် သတင်းအချက်အလက် များနှင့် ကိုက်ညီမှုရှိသောနေရာကို ဆိုသည်။ ယင်းတွင် ချူကလီးယားဒြပ်ပစ္စည်းများ မပါဝင်သော ဓာတ်ရောင်ခြည်သင့်ပြီးသော ဒြပ်ပစ္စည်းများအားသန့်စင်ရန် ပြင်းအားမြင့်ဓာတ်ရောင်ခြည်ဆိုင်ရာ ပစ္စည်းများကို ကိုင်တွယ်ရန်စီမံထားရှိသည့်အခန်း၊ စွန့်ပစ်ပစ္စည်း ပြုပြင်ခြင်း၊ သိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်းဆောင်ရွက်ရန် ချူကလီးယားအဆောက်အအုံများနှင့် နောက်ဆက်တွဲစာချုပ်၏ ပုဒ်မ ၂-က (၄) ပါ နိုင်ငံတော်ကအတည်ပြုသတ်မှတ်ထားသည့် ဆက်စပ် အဆောက်အဦများပါဝင်သည့် အရေးကြီးသည့်လုပ်ငန်းဆောင်တာများအသုံးပြုမှု သို့မဟုတ် စီမံဆောင်ရွက်မှုအတွက် အဆောက် အအုံနှင့်တည်နေရာ ပူးတွဲပါဝင်သော ချူကလီးယားစက်ရုံအားလုံးကို ဆိုသည်။ သို့ရာတွင် လုပ်ငန်း ရပ်ဆိုင်းထားသည့် အဆောက်အအုံပြင်ပတည်နေရာများတွင် ပြင်းအားမြင့်ဓာတ်ရောင်ခြည် ဆိုင်ရာပစ္စည်းများကို ကိုင်တွယ်ရန် စီမံထားရှိသည့် အခန်း၊ သို့မဟုတ် ချူကလီးယားဒြပ်ပစ္စည်းများ ပြောင်းလဲခြင်း၊ ပါဝင်ကိန်းမြှင့်တင်ခြင်း၊ ချူကလီးယား လောင်စာတောင့်ပြုလုပ်ခြင်း သို့မဟုတ် သန့်စင်ခြင်းများ ပြုလုပ်သည့်နေရာများ မပါဝင်။

(င) **အဆောက်အအုံ**ဆိုသည်မှာ ချူကလီးယားအဆောက်အအုံ၊ ဓာတ်ရောင်ခြည်ပေးစက်၊ ယူရေနီယံ သတ္တုတူးဖော်ခြင်းနှင့် ယင်းသတ္တုရိုင်းသန့်စင်သည့် အဆောက်အအုံ၊ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲသည့် အဆောက်အအုံနှင့် အကာအကွယ်နှင့်ဘေးအန္တရာယ်ကင်းရှင်းမှု ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်ပမာဏပေါ် မူတည်၍ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းတို့ပြုလုပ်သည့်နေရာကို ဆိုသည်။

(စ) **ချူကလီးယားအဆောက်အအုံ**ဆိုသည်မှာ ချူကလီးယားဒြပ်ပစ္စည်းများကို အသုံးပြု၍လုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်သည့် မည်သည့်အဆောက်အအုံကိုမဆိုနှင့် စွမ်းအင်ထုတ် ချူကလီးယားစက်ရုံ၊ သုတေသနဓာတ်ပေါင်းဖို၊ လောင်စာထုတ်လုပ်သည့်စက်ရုံ၊ အသုံးပြုပြီး လောင်စာကို သိုလှောင်သည့်အဆောက်အအုံ၊ ပါဝင်ကိန်းမြှင့်တင်သည့်စက်ရုံ၊ ပြန်လည်သန့်စင်သည့် အဆောက်အအုံတို့အပါအဝင် ဦးစီးဌာနသတ်မှတ်ထားသည့် အခြားအဆောက်အအုံကို ဆိုသည်။

(ဆ) **အဆောက်အအုံပြင်ပတည်နေရာ**ဆိုသည်မှာ ချူကလီးယားဒြပ်ပစ္စည်း အသားတင်အလေးချိန် ၁ ကီလိုဂရမ်ပမာဏ သို့မဟုတ် ယင်းထက်ငယ်သောပမာဏကို အသုံးပြုသော အဆောက်အအုံ တစ်ခုမဟုတ်သည့် ထုထောင်မှုတစ်ခု သို့မဟုတ် တည်နေရာတစ်ခုကို ဆိုသည်။

(ဇ) **အန္တရာယ်ကင်းအဆင့်**ဆိုသည်မှာ လိုင်စင်ပေးထားသော လုပ်ငန်းများအတွင်း ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများ သို့မဟုတ် ရေဒီယိုသတ္တိကြွအရာဝတ္ထုများကို ဦးစီးဌာနကဆက်လက်ထိန်းချုပ်ထားမှုမှ ဖယ်ရှားခြင်းကို ဆိုသည်။

(ဈ) **ဖျက်သိမ်းခြင်း**ဆိုသည်မှာ စွန့်ပစ်ပစ္စည်းထားရှိသည့်အဆောက်အအုံမှလွဲ၍ အခြားအဆောက်အအုံတစ်ခုခုအား လုပ်ငန်းဖျက်သိမ်းထားသည့်အခြေအနေကို အတည်ပြုခြင်းမှလွဲ၍ နည်းဥပဒေဆိုင်ရာ ထိန်းချုပ်မှု၏ တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ အားလုံးကိုလည်းကောင်း ဖယ်ရှားရန် ဦးတည်သည့် အဆင့်အားလုံးကို ဆိုသည်။ ယင်းတွင် ညစ်ညမ်းမှုလျှော့ချခြင်းနှင့် စနစ်တကျ ဖျက်သိမ်းခြင်း လုပ်ငန်းအဆင့်ဆင့် ပါဝင်သည်။

(ည) **စွန့်ထုတ်ခြင်း**ဆိုသည်မှာ နျူကလီးယားအဆောက်အအုံများ ပုံမှန်လုပ်ငန်း လည်ပတ်နေစဉ် ထွက်ရှိလာသော အရည် သို့မဟုတ် အငွေ့အခြေတွင်ရှိသော ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တရားဝင်လုပ်ငန်းတစ်ခုအနေဖြင့် စနစ်တကျစီမံ ဆောင်ရွက်ထားပြီး ဦးစီးဌာနက ထိန်းချုပ်မှုဖြင့် ခွင့်ပြုထားသော ကန့်သတ်ချက်ဖြင့် ပတ်ဝန်းကျင်သို့ ထုတ်လွှတ်ခြင်းကို ဆိုသည်။

(ဋ) **ကင်းလွတ်ခွင့်**ဆိုသည်မှာ ပင်ရင်း သို့မဟုတ် လုပ်ငန်းတစ်ခုမှ ဓာတ်ရောင်ခြည်ရရှိမှုပမာဏသည် အန္တရာယ်ရှိမှု သို့မဟုတ် အမှန်တကယ်ဓာတ်ရောင်ခြည်ရရှိမှု ပမာဏအပေါ် အခြေခံ၍ သတ်မှတ် ထိန်းချုပ်ရန်လိုအပ်သည့် ပမာဏအောက် အလွန်သေးငယ်သောကြောင့် ဦးစီးဌာနက ထိန်းချုပ်ရန် မလိုအပ်ဟု သတ်မှတ်ထားခြင်းကို ဆိုသည်။

(ဌ) **တင်ပို့ခြင်း**ဆိုသည်မှာ ပင်ရင်းများအပါအဝင် နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို တင်ပို့သည့်နိုင်ငံမှစတင်၍ တင်သွင်းသည့်နိုင်ငံသို့ ရုပ်ပိုင်းဆိုင်ရာလွှဲပြောင်းခြင်းကို ဆိုသည်။

(ဍ) **တင်သွင်းခြင်း**ဆိုသည်မှာ ပင်ရင်းအပါအဝင် နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများအား တင်ပို့သည့်နိုင်ငံမှ တင်သွင်းသည့်နိုင်ငံ သို့မဟုတ် တင်သွင်းသည့်နိုင်ငံရှိ လက်ခံသူထံ ရုပ်ပိုင်းဆိုင်ရာလွှဲပြောင်းခြင်းကို ဆိုသည်။

(ဎ) **အိုင်းယွန်းဖြစ်ရောင်ခြည်**ဆိုသည်မှာ ဇီဝဆိုင်ရာဒြပ်ပစ္စည်းများတွင် အိုင်းယွန်းအတွဲများ ထုတ်ပေးနိုင်စွမ်းရှိသော ဓာတ်ရောင်ခြည်ကို ဆိုသည်။

(ဏ) **လိုင်စင်**ဆိုသည်မှာ အဆောက်အအုံ သို့မဟုတ် လုပ်ဆောင်မှုနှင့်ဆက်စပ်နေသောသတ်မှတ်ထားသည့် လုပ်ငန်းများလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် တရားဝင်စာရွက်စာတမ်းကို ဆိုသည်။

(တ) **လိုင်စင်ရရှိသူ**ဆိုသည်မှာ လုပ်ဆောင်မှုတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုအတွက် အထူးသဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှုတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူအဖြစ် အသိအမှတ်ပြုခံထားရပြီး ထိုလုပ်ငန်းနှင့် လုပ်ဆောင်မှုအတွက် လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းခံရသော လက်ရှိလိုင်စင် ကိုင်ဆောင်ထားသူကို ဆိုသည်။

(ထ) **နျူကလီးယားဒြပ်ပစ္စည်း**ဆိုသည်မှာ ပလူတိုနီယံ၊ ယူရေနီယံ-၂၃၃ သို့မဟုတ် ယူရေနီယံပါဝင်ကိန်း မြင့်တင်ထားသည့် ယူရေနီယံ-၂၃၃ အိုင်ဆိုတုပ် သို့မဟုတ် ယူရေနီယံ-၂၃၅ အိုင်ဆိုတုပ် သို့မဟုတ် ဦးစီးဌာနက နျူကလီးယားဒြပ်ပစ္စည်းအဖြစ် အမျိုးအစားသတ်မှတ်ဆုံးဖြတ်ထားသောဒြပ်ပစ္စည်းကို ဆိုသည်။

(ဒ) **နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေးကျင့်သုံးရန်ရည်ရွယ်ချက်အတွက် နျူကလီးယားဒြပ်ပစ္စည်း**ဆိုသည်မှာ အထူးကွဲထွက်နိုင်သော မည်သည့်ဒြပ်ပစ္စည်းကိုမဆို သို့မဟုတ် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့အကြား ရေးထိုးထားသော သဘောတူညီချက်တွင် ဖော်ပြထားသည့် ပင်ရင်းဒြပ်ပစ္စည်းများကို ဆိုသည်။ ယင်းတွင် သတ္တုရိုင်း သို့မဟုတ် သတ္တုရိုင်းကြွင်းကျန်တို့ မပါဝင်စေရ။

(ဓ) **နျူကလီးယားထိခိုက်ပျက်စီးမှုဆိုင်ရာ ပေးလျော်ရန်တာဝန်ရှိမှု ရည်ရွယ်ချက်အတွက် နျူကလီးယား ဒြပ်ပစ္စည်း**ဆိုသည်မှာ သဘာဝတွင်တွေ့ရှိနိုင်သော ယူရေနီယံနှင့် အစွမ်းလျော့ယူရေနီယံများ မဟုတ်သည့် နျူကလီးယားဓာတ်ပေါင်းဖို၏ပြင်ပ၌ ကိုယ်တိုင်ချိတ်ဆက်တုံ့ပြန်ဖြစ်စဉ်ဖြင့် နျူကလီးယားကွဲထွက်ခြင်းကိုဖြစ်စေ၍ စွမ်းအင်ထုတ်ပေးနိုင်သော ဒြပ်ပစ္စည်းတစ်မျိုး သို့မဟုတ် အခြားဒြပ်ပစ္စည်းများနှင့်ပေါင်းစပ်ထားသည့် နျူကလီးယားလောင်စာနှင့် ရေဒီယိုသတ္တိကြွထွက်ကုန် သို့မဟုတ် စွန့်ပစ်ပစ္စည်းတို့ကို ဆိုသည်။

(န) **နျူကလီးယား သို့မဟုတ် ဓာတ်ရောင်ခြည်ဆိုင်ရာအရေးပေါ် အခြေအနေ**ဆိုသည်မှာ နျူကလီးယား ချိတ်ဆက်တုံ့ပြန်မှုတစ်ခုကြောင့် သို့မဟုတ် ချိတ်ဆက်တုံ့ပြန်မှုတစ်ခုမှထွက်ရှိလာသော ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၏ ယိုယွင်းခြင်းမှဖြစ်ပေါ်လာသော စွမ်းအင်ကြောင့်လည်းကောင်း၊ ဓာတ်ရောင်ခြည်သင့်မှုကြောင့်လည်းကောင်း ဘေးအန္တရာယ်ဖြစ်ခြင်း သို့မဟုတ် ဘေးအန္တရာယ် ဖြစ်နိုင်သည်ဟု ယူဆရသော အရေးပေါ် အခြေအနေတို့ကို ဆိုသည်။

(ပ) **လည်ပတ်မောင်းနှင်သူ**ဆိုသည်မှာ မည်သည့်နျူကလီးယားအဆောက်အအုံ သို့မဟုတ် ပင်ရင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် နျူကလီးယား၊ ဓာတ်ရောင်ခြည်၊ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများအတွက်သော်လည်းကောင်း၊ ယင်းတို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ရေးတို့အတွက်သော်လည်းကောင်း တာဝန်ရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်ရရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်ကို လျှောက်ထားသူကို ဆိုသည်။ ယင်းတွင် ပုဂ္ဂလိက အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လွှဲအပ်ထားသူများ သို့မဟုတ် သယ်ဆောင်သူများ၊ လိုင်စင်ရရှိသူများ၊ ဆေးရုံများ သို့မဟုတ် ကိုယ်ပိုင်လုပ်ငန်းလုပ်ဆောင်သူများ ပါဝင်သည်။

(ဖ) **ပင်ရင်း**ဆိုသည်မှာ အိုင်းယွန်းဖြစ်ရောင်ခြည်ထွက်ရှိခြင်း သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သို့မဟုတ် ဒြပ်ပစ္စည်းများ ထုတ်လွှတ်ခြင်းဖြင့် ဓာတ်ရောင်ခြည်သင့်မှုဖြစ်စေနိုင်သည့်အရာကို ဆိုသည်။

(ဗ) **ရေဒီယိုသတ္တိကြွပင်ရင်း**ဆိုသည်မှာ နည်းဥပဒေထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပြုမထားသည့် သေးငယ်သော ထည့်သိုရာအတွင်း အသေပိတ်ထားသော သို့မဟုတ် တင်းကျပ်စွာပေါင်းစည်းထားသော အစိုင်အခဲပုံစံရှိ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ရေဒီယိုသတ္တိကြွပင်ရင်းမှ ယိုစိမ့်ခြင်း သို့မဟုတ် ကျိုးပျက်ခြင်းဖြစ်လျှင် ထုတ်လွှတ်သောရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကို ဆိုသည်။ သို့သော်စွန့်ပစ်ရန်သေးငယ်သော ထည့်သိုရာအတွင်း ထည့်သွင်းထားသောဒြပ်ပစ္စည်း သို့မဟုတ် သုတေသနနှင့်စွမ်းအင်ထုတ် နျူကလီးယား ဓာတ်ပေါင်းဖိုတို့၏ နျူကလီးယားလောင်စာပတ်လည် အတွင်းရှိ နျူကလီးယားဒြပ်ပစ္စည်းများ မပါဝင်။

(ဘ) **ဓာတ်ရောင်ခြည်ပင်ရင်း**ဆိုသည်မှာ ရောင်ခြည်ထုတ်စက်ကိရိယာ သို့မဟုတ် ရေဒီယိုသတ္တိကြွ ပင်ရင်း သို့မဟုတ် သုတေသနနှင့် စွမ်းအင်ထုတ်နျူကလီးယား ဓာတ်ပေါင်းဖိုတို့၏ နျူကလီးယား လောင်စာပတ်လည်နှင့်မသက်ဆိုင်သော အခြားသောရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းတစ်ခုကို ဆိုသည်။

(မ) **ပိုင်ရှင်မဲ့ပင်ရင်း**ဆိုသည်မှာ သတ်မှတ်ထိန်းချုပ်မှုအောက်တွင် လုံးဝမရှိခဲ့ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊ ပျောက်ဆုံးခြင်း၊ အထားမှားခြင်း၊ ခိုးယူခြင်း သို့မဟုတ် လိုင်စင်မရဘဲ ရွှေ့ပြောင်းခြင်းတို့ကြောင့် သတ်မှတ်ထိန်းချုပ်မှုအောက်တွင် မရှိသော ရေဒီယိုသတ္တိကြွပင်ရင်းကို ဆိုသည်။

(ယ) **ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း**ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းနှင့်တစ်ခု သို့မဟုတ် တစ်ခုထက်မက ပိုသော အိုင်းယွန်းဖြစ် ဓာတ်ရောင်ခြည် အယ်လဖာ၊ ဘီတာ၊ နျူထရွန်အမှုန်နှင့် ဂမ္မာရောင်ခြည်များ ထွက်ရှိခြင်းဖြင့် အလိုအလျောက် ပြိုကွဲခြင်းဖြစ်နိုင်သော နျူကလီးယပ်များပါဝင်သည့် အခြား ရေဒီယိုသတ္တိကြွအရာဝတ္ထုများနှင့် ၎င်းတို့၏ရေဒီယိုသတ္တိကြွနိုင်သော သို့မဟုတ် ကွဲထွက်ခြင်းဖြင့် နျူကလီးယားစွမ်းအင်ထုတ်လွှတ်နိုင်စွမ်းသော ဂုဏ်သတ္တိများကြောင့် လူ၏အသက်သေဆုံးစေနိုင်ခြင်း၊ လူ၏ခန္ဓာကိုယ်အား ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာပျက်စီးစေခြင်းဖြစ်နိုင်သော ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့်သတ်မှတ်သော သို့မဟုတ် ဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော ဒြပ်ပစ္စည်းများ ပါဝင်သည်။

(ရ) **ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း**ဆိုသည်မှာ လုပ်ငန်းများ သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်းမှ ကျန်ရှိနေသည့် မည်သည့်ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဌာန်မဆိုရှိပြီး ၎င်းကိုထပ်မံသုံးစွဲရန် ရည်ရွယ်ချက် မရှိသော ဒြပ်ပစ္စည်းများကို ဆိုသည်။ ယင်းတွင် သတ်မှတ်အခြေခံလိုအပ်ချက်တွင် ဖော်ပြထားသော လွတ်ကင်းခြင်းအဆင့်ထက် ရေဒီယိုသတ္တိကြွမှု သို့မဟုတ် ရေဒီယိုသတ္တိကြွမှုပြင်းအား ပိုမြင့်နေခြင်းနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်နေမှု သို့မဟုတ် ညစ်ညမ်းနေမှုနှင့် ဓာတ်ရောင်ခြည်သင့်မှုများ ပါဝင်သည်။

(လ) **မှတ်ပုံတင်ခြင်း**ဆိုသည်မှာ အန္တရာယ်ရှိမှုနည်းပါးသော သို့မဟုတ် အသင့်အတင့်ရှိသောလုပ်ငန်းများ ဆောင်ရွက်ရန် တရားဝင်တာဝန်ရှိပုဂ္ဂိုလ်က အဆောက်အအုံ သို့မဟုတ် ပစ္စည်းကိရိယာတို့၏ ဘေးအန္တရာယ်ကင်းရှင်းမှု အကဲဖြတ်ခြင်းအား စနစ်တကျကြိုတင်ဆောင်ရွက်ပြီး ဦးစီးဌာနသို့ တင်သွင်းရမည့် ခွင့်ပြုမိန့်တောင်းခံခြင်းကို ဆိုသည်။

(ဝ) **အသုံးပြုပြီးလောင်စာ**ဆိုသည်မှာ ဓာတ်ရောင်ခြည်သင့်ခြင်းခံရပြီးသော ဓာတ်ပေါင်းဖိုအူတိုင်မှ အပြီးအပိုင်ဖယ်ထုတ်ထားသည့် နျူကလီးယားလောင်စာကို ဆိုသည်။

(သ) **ဘေးအန္တရာယ်ကင်းရှင်းရေး**ဆိုသည်မှာ ဓာတ်ရောင်ခြည်အန္တရာယ်ဖြစ်စေနိုင်သောအဆောက်အအုံနှင့် လုပ်ဆောင်မှုများတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် လူနှင့်ပတ်ဝန်းကျင်တို့ကို ဓာတ်ရောင်ခြည် အန္တရာယ်မှ ကာကွယ်ထားရှိခြင်းကို ဆိုသည်။

(ဟ) **လုံခြုံရေး**ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်း သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းပါဝင်သော သို့မဟုတ် ၎င်းတို့နှင့်ဆက်စပ်အဆောက်အအုံများအား ခိုးယူခြင်း၊ အကြမ်းဖက်ခြင်း၊ ခွင့်ပြုချက် မရှိဘဲ ဝင်ရောက်ခြင်း၊ တရားမဝင်လွှဲပြောင်းခြင်း သို့မဟုတ် အခြားသော ပျက်စီးစေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းများကို ကြိုတင်ကာကွယ်ခြင်း၊ ထောက်လှမ်းစစ်ဆေးခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်း တို့ကို ဆိုသည်။

(ဠ) **သယ်ယူပို့ဆောင်ရေး**ဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်း သို့မဟုတ် အခြားသောရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများကို ရွှေ့ပြောင်းရာတွင်ဆက်စပ်ပါဝင်သည့် လုပ်ငန်းလည်ပတ်မှုများနှင့်အခြေအနေများ အားလုံးကို ဆိုသည်။ ယင်းတွင် အထုပ်အပိုးများကို ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းတို့အပြင် အဆိုပါပစ္စည်းနှင့်အထုပ်အပိုးများကိုပြင်ဆင်ခြင်း၊ ကုန်ပစ္စည်းပေးပို့ခြင်း၊ ကုန်တင်ခြင်း၊ တစ်ဆင့်ခံနေရာတွင် သိုလှောင်ခြင်း အပါအဝင် သယ်ယူခြင်း၊ နောက်ဆုံးရောက်ရှိ ရမည့်နေရာတွင် ကုန်ချခြင်းနှင့် လက်ခံခြင်းတို့ ပါဝင်သည်။

(အ) **နျူကလီးယားထိခိုက်ပျက်စီးမှုဆိုင်ရာ ပေးလျော်ရန်တာဝန်ရှိမှု ရည်ရွယ်ချက်အတွက် နျူကလီးယား ထုထောင်မှု**ဆိုသည်မှာ ရေကြောင်းနှင့်လေကြောင်းသယ်ယူပို့ဆောင်ရေးယာဉ်တွင် တွန်းကန်အား ရရှိရန် သို့မဟုတ် အခြားသောရည်ရွယ်ချက်တစ်ခုခုအတွက် စွမ်းအားပင်ရင်းတစ်ခုအဖြစ်အသုံးပြုရန် တပ်ဆင်ထားသော နျူကလီးယားဓာတ်ပေါင်းဖိုအပါအဝင် မည်သည့်နျူကလီးယားဓာတ်ပေါင်းဖိုကို မဆို၊ နျူကလီးယားဒြပ်ပစ္စည်းထုတ်လုပ်ရန် နျူကလီးယားလောင်စာအသုံးပြုထားသော စက်ရုံ သို့မဟုတ် ဓာတ်ရောင်ခြည်ပေးထားသော နျူကလီးယားလောင်စာကိုပြန်လည်သန့်စင်ခြင်း လုပ်ဆောင်သော စက်ရုံများအပါအဝင် နျူကလီးယားဒြပ်ပစ္စည်းများကို သန့်စင်ခြင်းလုပ်ဆောင် နေသော စက်ရုံ၊ နျူကလီးယားဒြပ်ပစ္စည်းထည့်သွင်းသယ်ဆောင်သည့်ယာဉ်နှင့် နျူကလီးယား ဒြပ်ပစ္စည်းသိုလှောင်သည့် အဆောက်အအုံတို့ကို ဆိုသည်။

(ကက) **နျူကလီးယားဓာတ်ပေါင်းဖို**ဆိုသည်မှာ နျူထရွန်ပင်ရင်း ထပ်မံမလိုအပ်ဘဲ ကိုယ်တိုင်ချိတ်ဆက် တုံ့ပြန်ဖြစ်စဉ်ဖြင့် နျူကလီးယားကွဲထွက်ခြင်းဖြစ်နိုင်သော နျူကလီးယားလောင်စာများ အစီအစဉ် တကျ ပါဝင်သည့် ဖွဲ့စည်းတည်ဆောက်မှုမျိုးကို ဆိုသည်။

(ခခ) **နျူကလီးယားထိခိုက်မှုများ**ဆိုသည်မှာ အသက်အန္တရာယ်ဆုံးရှုံးမှု သို့မဟုတ် တစ်ကိုယ်ရေဒဏ်ရာရမှု၊ စည်းစိမ်ဥစ္စာဆုံးရှုံးမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု၊ အဆိုပါဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ၊ ထိခိုက်ပျက်စီးမှု များကြောင့် ပေါ်ပေါက်လာမည့် စီးပွားရေးပျက်စီးဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု များအား မူလအခြေအနေရောက်အောင် အရေးယူဆောင်ရွက်ရမည့်ကုန်ကျစရိတ်၊ သဘာဝ ပတ်ဝန်းကျင်အား စီးပွားဖြစ်အသုံးချခြင်း သို့မဟုတ် အခြားမည်သည့် အသုံးချခြင်းမှမဆို ရရှိမည့် ဝင်ငွေများဆုံးရှုံးမှုများ၊ ကြိုတင်ကာကွယ်အရေးယူ ဆောင်ရွက်ခြင်းများအတွက် ကုန်ကျစရိတ်နှင့် ထိုသို့ဆောင်ရွက်ခြင်းများကြောင့် ဖြစ်ပေါ်လာသည့်ထပ်မံထိခိုက်ဆုံးရှုံးမှုများအတွက် ကုန်ကျစရိတ်များ၊ သဘာဝပတ်ဝန်းကျင်အား စီးပွားဖြစ်အသုံးချခြင်း သို့မဟုတ် အခြားမည်သည့် အသုံးချခြင်းမှမဆို ရရှိမည့်ဝင်ငွေများဆုံးရှုံးမှုများမှလွဲ၍ အခြားသောစီးပွားရေးဆုံးရှုံးမှုများကို ဆိုသည်။

(ဂဂ) **နျူကလီးယားထူးခြားဖြစ်ရပ်**ဆိုသည်မှာ မူလဖြစ်ရပ်တစ်ခုတည်းကနေ၍ ပေါ်ပေါက်လာသော နျူကလီးယားပျက်စီးမှုကိုဖြစ်စေသည့် ဖြစ်ပွားမှု သို့မဟုတ် ဆက်တိုက်ဖြစ်ပွားမှုမျိုး သို့မဟုတ် ကြိုတင်ကာကွယ်မှုဆိုင်ရာ အရေးပေါ်ဆောင်ရွက်ထားမှုအတိုင်းအတာကိုကျော်လွန်၍ နျူကလီးယားပျက်စီးမှု ဖြစ်စေနိုင်သည့် ပြင်းထန်စွာပေါ်ပေါက်လာနိုင်မည့် ခြိမ်းခြောက်မှုကို ဖန်တီးသောဖြစ်ရပ်ကို ဆိုသည်။

(ဃဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(ငင) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ကော်မတီကို ဆိုသည်။

(စစ) **ဦးစီးဌာန**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ဦးစီးဌာနကို ဆိုသည်။

(ဆဆ) **ဦးစီးဌာန၏ထိန်းချုပ်မှု**ဆိုသည်မှာ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများစီမံဆောင်ရွက်ခြင်း ရည်ရွယ်ချက်အတွက် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသောဦးစီးဌာနက ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ ထားရှိရာလုပ်ငန်းနေရာအားထိန်းချုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆောင်ရွက်ဆဲထိန်းချုပ်မှုများဖြစ်သည့် စောင့်ကြည့်ခြင်း၊ စဉ်ဆက်မပြတ်စောင့်ကြည့်မှတ်တမ်းတင်ခြင်း၊ မူလအခြေရောက်အောင် ပြန်လည်ဆောင်ရွက်ခြင်းတို့ပါဝင်ပြီး၊ ဆောင်ရွက်ပြီး ထိန်းချုပ်မှုတွင် စွန့်ပစ်ပစ္စည်းများ အပြီးတိုင်ထားရှိမည့် မြေနေရာအသုံးပြုခြင်းနှင့်ပတ်သက်သည့် ထိန်းချုပ်မှုပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နျူကလီးယားစွမ်းအင်နှင့် ယင်း၏အသုံးချမှုများအား ငြိမ်းချမ်းစွာနှင့် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ခွင့်ပြုပေးနိုင်ရန်၊

(ခ) ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတို့တွင် လူနှင့်ပတ်ဝန်းကျင်အပေါ် အိုင်းယွန်းဖြစ်ရောင်ခြည်သင့်ခြင်း အန္တရာယ်မှ ကင်းဝေးစေရန်၊

(ဂ) ဓာတ်ရောင်ခြည်ပင်ရင်းများ၊ နျူကလီးယားအဆောက်အအုံများ၊ အခြားသက်ဆိုင်သည့် နျူကလီးယား လုပ်ဆောင်မှုများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိစေရေးသေချာစေရန်၊

(ဃ) နျူကလီးယားနည်းပညာ အသုံးချမှုနှင့်စပ်လျဉ်း၍ နိုင်ငံတကာကလိုက်နာကျင့်သုံးလျက်ရှိသော ကတိကဝတ်များနှင့်အညီ ဆောင်ရွက်စေရန်။

## အခန်း (၃)
## နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန၊ | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန၊ | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန၊ | အဖွဲ့ဝင် |

(၅) ဒုတိယဝန်ကြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဖွဲ့ဝင်

(၆) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမည်စာရင်းတင်သွင်းသော သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၊ အဖွဲ့ဝင်များ

(၇) ညွှန်ကြားရေးမှူးချုပ် ဇျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဦးစီးဌာန။ အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဇျူကလီးယားဘေးအန္တရာယ်ကင်းရှင်းမှု၊ လုံခြုံမှု၊ ဇျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်မှုများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဇျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးအတွက် ဥပဒေဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊

(ဂ) ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေရေးဆွဲနိုင်ရေး အတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) ဇျူကလီးယားစွမ်းအင်နှင့်ပတ်သက်သော သိပ္ပံနှင့်နည်းပညာ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေဘဲ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်နိုင်စေရေးတို့အတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒများချမှတ်ပေးခြင်း၊

(င) ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အခြားဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၏ ဥပဒေအရသတ်မှတ်ထားသော လုပ်ပိုင်ခွင့်ဘောင်အတွင်း ဇျူကလီးယားစွမ်းအင်ကို လုံခြုံဘေးကင်းစွာ အသုံးပြုခြင်းနှင့်ဆက်စပ်နေသည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် လမ်းညွှန်ပေးခြင်း၊ မူဝါဒများချမှတ်ပေးခြင်း၊

(စ) ဇျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့တွင်ပါဝင်ဆောင်ရွက်မည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ လိုအပ်သောအရည်အသွေးများကိုသတ်မှတ်ပေးခြင်း။

## အခန်း (၄)
## ဇျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဦးစီးဌာန

၆။ ပြည်ထောင်စုအစိုးရသည် ဇျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများကိုထိန်းချုပ်နိုင်ရန် ဇျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေးဦးစီးဌာနကို ဖွဲ့စည်းရမည်။

၇။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့် အရေးယူ ဆောင်ရွက်မှုများကို ကော်မတီ၏ကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရေးဆွဲခြင်း၊

(ဂ) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့်သဘာဝပတ်ဝန်းကျင်အားအိုင်းယွန်းဖြစ်ရောင်ခြည်သင့်ခြင်းအန္တရာယ်မှ ကာကွယ်ပေးနိုင်သော ဓာတ်ရောင်ခြည်ကာကွယ်ရေးဆိုင်ရာစံချိန်စံညွှန်းများကို သတ်မှတ်ရေးဆွဲခြင်း၊

(ဃ) ဇျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများအတွက် လိုက်နာဆောင်ရွက်ရမည့် အခြေခံလိုအပ်ချက် များကို သတ်မှတ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပြန်ရုပ်သိမ်းခြင်း တို့ကို ဆောင်ရွက်ခြင်း၊

(င) ဥပဒေနှင့် နည်းဥပဒေများထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် သတ်မှတ်ပေးခြင်း၊

(စ) ဓာတ်ရောင်ခြည်ပင်ရင်းများမှတ်ပုံတင်ခြင်း အမျိုးသားအဆင့်စနစ်ကိုထူထောင်ထိန်းသိမ်းခြင်း၊

(ဆ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများဆောင်ရွက်ရန် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် ငွေကြေးအပါအဝင် လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရား များကို သတ်မှတ်ပေးခြင်း၊

(ဇ) လိုင်စင်ထုတ်ပေးထားသော နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်နေသည့် မည်သည့်နေရာတွင်မဆို နျူကလီးယားဘေးအန္တရာယ်သင့်မှုနှင့် ထိုသို့ ဖြစ်နိုင်ခြေရှိသော အခြေအနေများကို ဖော်ထုတ်သိရှိရပါက တိကျမှန်ကန်စွာ အရေးယူဆောင်ရွက်ခြင်း၊

(ဈ) နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို လုံခြုံစိတ်ချစွာ လည်ပတ်မောင်းနှင်မည့်ပုဂ္ဂိုလ်သည် သတ်မှတ်ထားသော အရည်အချင်းပြည့်ဝသူဖြစ်ကြောင်း အတည်ပြုပေးခြင်း၊

(ည) နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များအတွက် ကျသင့်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပေးခြင်း၊

(ဋ) နည်းဥပဒေအရ ထိန်းချုပ်မှုတွင်ထည့်သွင်းစဉ်းစားရန် မလိုအပ်သော အိုင်းယွန်းဖြစ်ရောင်ခြည် များ၏ လူပုဂ္ဂိုလ်များအပေါ် သင့်ရောက်မှုပမာဏများအား သတ်မှတ်ပေးခြင်း၊

(ဌ) ဓာတ်ရောင်ခြည်ပင်ရင်းများမှတ်ပုံတင်ခြင်း အမျိုးသားအဆင့်စနစ်ကို ထူထောင်ထိန်းသိမ်းခြင်း၊

(ဍ) ဤဥပဒေအရ နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများကိုဆောင်ရွက်ရန် လိုင်စင်ရရှိထားသူများ မှတ်ပုံတင်ခြင်း အမျိုးသားအဆင့် စနစ်တစ်ခုကိုလည်း ထူထောင်ထိန်းသိမ်းခြင်း၊

(ဎ) ဦးစီးဌာနသည် ပုံမှန်စစ်ဆေးမှုများကို ဆောင်ရွက်နိုင်သည့်အပြင် ပြဋ္ဌာန်းထားသော လိုင်စင် ထုတ်ပေးခြင်းဆိုင်ရာ ဥပဒေအား လိုက်နာမှုရှိမရှိ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုရှိမရှိ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိမရှိ စိစစ်ရန် လိုအပ်ပါက အခြားသော စုံစမ်းစစ်ဆေးမေးမြန်းမှုများကို ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊

(ဏ) မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီတို့အကြား သဘောတူညီထားသည့် သဘောတူညီချက်များ၊ စာချုပ်စာတမ်းများ၊ ပဋိညာဉ်နှင့်ယင်းတို့၏ နောက်ဆက်တွဲစာချုပ်များကို နိုင်ငံတော်ကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(တ) မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီတို့အကြား နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နောက်ဆက်တွဲစာချုပ်များ အရ အမျိုးသားအဆင့် နျူကလီးယားဒြပ်ပစ္စည်းများကို ထိန်းချုပ်ရေးနှင့် စာရင်းဇယားထားရှိသည့် စနစ်၊ လိုင်စင်များအား မှတ်ပုံတင်သည့်စနစ်နှင့်လိုအပ်သော အစီရင်ခံစာတင်သွင်းခြင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် စနစ်တို့ကို ထူထောင်ထိန်းသိမ်းခြင်း၊

(ထ) နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ရေဒီယိုသတ္တိကြွပင်ရင်းများ၊ ပစ္စည်းကိရိယာများ၊ သတင်းအချက်အလက်နှင့်နည်းပညာများအား တင်သွင်းခြင်းနှင့်တင်ပို့ခြင်းတို့ကို ထိန်းချုပ်သော စနစ်တစ်ရပ်အား အခြားသက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဒ) နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၊ ယင်းတို့နှင့် ဆက်စပ်အဆောက်အအုံများ၏ လုံခြုံရေးအတွက်ခွင့်ပြုချက်မဲ့လုပ်ဆောင်မှု သို့မဟုတ် မသင်္ကာဖွယ်ရာလုပ်ဆောင်မှုများကို တိုင်းတာ စစ်ဆေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်းများအပါအဝင် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများကို ထူထောင်ခြင်း၊

(ဓ) နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သော နျူကလီးယား သို့မဟုတ် ဓာတ်ရောင်ခြည် ဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ

စီမံချက်တစ်ရပ်ကို ထူထောင်ဆောင်ရွက်ရာတွင် အခြားသက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(န) ဦးစီးဌာန၏လုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည်ဟုယူဆပါက အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း၊

(ပ) အန္တရာယ်ရှိကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးနှင့်လုံခြုံရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊ ကျန်းမာရေးနှင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ် ကင်းရှင်းရေးကဲ့သို့သော နယ်ပယ်များတွင် အခြားသက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဖ) ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် သုတေသနလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

(ဗ) ထူးခြားဖြစ်ရပ်များ၊ မတော်တဆဖြစ်ရပ်များနှင့် ပုံမှန်မဟုတ်သော ဖြစ်ရပ်များအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နည်းဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင် ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုနှင့် ဈျူကလီးယားနှင့်ဆက်စပ်နေသော အဖွဲ့အစည်းများအားအသိပေးခြင်းနှင့် အကြံပြုနိုင်ရန်အတွက် သင့်လျော်သော လုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်း၊

(ဘ) လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လိုအပ်ပါက ပုဂ္ဂလိက သို့မဟုတ် လူထုအဖွဲ့အစည်းများ၊ ပြည်သူလူထုထံမှ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများ၊ ထင်မြင်ယူဆချက်များကို တောင်းခံခြင်း၊

(မ) နိုင်ငံအတွင်းရှိ ပြည်သူများနှင့် ပတ်ဝန်းကျင်ကို ဓာတ်ရောင်ခြည်ဘေးအန္တရာယ်မှကာကွယ်ရန် လိုအပ်သည့် ဆောင်ရွက်ချက်ကို လုပ်ဆောင်ခြင်း။

## အခန်း (၅)

## ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း

၈။ ဈျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုတစ်မျိုးမျိုးကို ဆောင်ရွက်လိုသူသည် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြားစာပေးပို့ခြင်း၊ ကြိုတင်ခွင့်ပြုချက်တောင်းခံခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းများ ဆောင်ရွက်ရမည်။

၉။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၈ အရ မှတ်ပုံတင်လျှောက်ထားခြင်းကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး မှတ်ပုံတင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင်လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။

(ဂ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ရမည်။

၁၀။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားနိုင်သည်။

၁၁။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၈ အရ လိုင်စင်လျှောက်ထားခြင်းများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင်လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။

(ဂ) လိုင်စင်ကြေး၊ လိုင်စင်လက်ဝယ်ထားပိုင်ခွင့်နှင့် လိုင်စင်စည်းကမ်းသတ်မှတ်ချက်များသည် ဤဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

၁၂။ လိုင်စင်ရရှိသူသည် ဤဥပဒေပါလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို စတင်ဆောင်ရွက်ခြင်းမပြုမီ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ရောင်ခြည်ထုတ်ကိရိယာ သို့မဟုတ် ပင်ရင်းများ၏ လုံခြုံစိတ်ချရမှု၊ လူနှင့်ပတ်ဝန်းကျင်အားဘေးအန္တရာယ်ကင်းရှင်းစေမှုနှင့် မြန်မာနိုင်ငံကလက်မှတ်ရေးထိုး အတည်ပြုထားသည့် နျူကလီးယားနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများကို လိုက်နာမှု ရှိ မရှိတို့အတွက် ဦးစီးဌာန၏စစ်ဆေးခြင်းကို ခံယူရမည်။

၁၃။ လိုင်စင်ရရှိသူသည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ယင်းတို့နှင့်ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းတွင် သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ နိုင်ငံပိုင်နယ်နိမိတ်ကိုအသုံးပြု၍ သယ်ဆောင်ရာတွင် လည်းကောင်း နည်းဥပဒေပါစည်းကမ်းချက်များနှင့်အညီ သယ်ဆောင်ရမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုထားသည့် နျူကလီးယားနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကိုလည်း လိုက်နာရမည်။

(ဃ) နျူကလီးယားဒြပ်ပစ္စည်းများ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ရောင်ခြည်ထုတ်ကိရိယာ၊ ယင်းတို့နှင့် ဆက်စပ်ပစ္စည်းများကို မှတ်ပုံတင်ထားရာ နေရာဒေသတစ်ခုခုမှ အခြားနေရာဒေသတစ်ခုခုသို့ ပြောင်းလဲပြီး သယ်ယူပို့ဆောင်မည်ဆိုပါကလည်းကောင်း၊ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လိုင်စင်ပါ မူလနေရာဒေသမှ အခြားနေရာဒေသသို့ ပြောင်းရွှေ့ချထား လုပ်ကိုင်မည်ဆိုပါကလည်းကောင်း ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုချက်ရယူရမည်။

(င) ဤဥပဒေပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကိုလုပ်ကိုင်ရာတွင် လူနှင့်ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း မရှိစေရန် သက်ဆိုင်ရာဥပဒေများကို လိုက်နာရမည်။

၁၄။ ဤဥပဒေပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လုပ်ကိုင်ရာတွင် လူနှင့်တိရစ္ဆာန်တို့ကိုလည်းကောင်း၊ သဘာဝနှင့်ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ပါက လျော်ကြေးပေးဆောင်နိုင်ရန် အာမခံထားရှိရမည့်ပြင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ နျူကလီးယားကြောင့် ထိခိုက်ပျက်စီးမှုဆိုင်ရာ လျော်ကြေးပေးမှုစာချုပ်စာတမ်းများကို လိုက်နာရမည်။

၁၅။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးရန် အဆိုပါလိုင်စင်သက်တမ်း မကုန်မီရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီစိစစ်ပြီး လိုင်စင် သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ငြင်းပယ်ခြင်းပြုလျှင် ငြင်းပယ်ရသည့် ကျိုးကြောင်းဖော်ပြချက်ကို မှတ်ပုံတင်လျှောက်ထားသူအား အကြောင်းပြန်ကြားရမည်။

၁၇။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) လိုင်စင်သက်တမ်းကုန်ဆုံးချိန်အထိ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားမှုမရှိခြင်း၊

(ဂ) ဤဥပဒေအရ လိုင်စင်ကို ပယ်ဖျက်ခံရခြင်း။

၁၈။ လိုင်စင်ရရှိသူသည် -

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ကိုပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) အရ လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင်ပြန်လည်လျှောက်ထားခွင့်မရှိစေရ။

၁၉။ ဦးစီးဌာနသည် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံပြီး လိုအပ်သော သင်တန်းများပြီးဆုံးအောင်မြင်ထားသူကိုသာ ဈျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးမှူးအဖြစ် ခန့်အပ်ရမည်။ စစ်ဆေးရမည့် အစီအစဉ်များနှင့်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကိုလည်း သတ်မှတ်ပေးရမည်။

၂၀။ စစ်ဆေးရေးမှူးများသည် ဈျူကလီးယားဆိုင်ရာလုပ်ငန်းနှင့်လုပ်ဆောင်မှုများ ဆောင်ရွက်နေသည့်အဆောက်အအုံ သို့မဟုတ် လုပ်ငန်းနေရာသို့ မည်သည့်အချိန်တွင်မဆို သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။

၂၁။ ဦးစီးဌာနသည် လိုင်စင်ရရှိထားသူ သို့မဟုတ် အဖွဲ့အစည်းက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာဥပဒေကိုလိုက်နာမှုမရှိခြင်း၊ နည်းဥပဒေများနှင့်ကိုက်ညီမှုမရှိခြင်း၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိခြင်းတို့ကို တွေ့ရှိရပါက ချိုးဖောက်မှုပမာဏအလိုက် လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

၂၂။ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအရေးပါမှုအဆင့် အသင့်အတင့်သာရှိသော ဥပဒေချိုးဖောက်မှုကိစ္စများအတွက် ဦးစီးဌာနသည် စာဖြင့်ရေးသားထားသည့် သတိပေးချက်ထုတ်ပြန်၍ ပြန်လည်တည့်မတ်ခြင်းလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် အချိန်ကာလသတ်မှတ်ပေးရမည်။

၂၃။ အန္တရာယ်ရှိသောကိစ္စရပ်များတွင် လူနှင့်ပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် ဦးစီးဌာနသည် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ယင်းတို့၏ လုပ်ဆောင်မှုများကို ပုံမှန်အခြေအနေရောက်ရှိရန် ပြုပြင်ပြီးသည့်အချိန်အထိ ဥပဒေကြောင်းအရ အရေးယူခြင်းကို ဆိုင်းငံ့ထားနိုင်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဦးစီးဌာနအနေဖြင့် လိုင်စင်ဆိုင်ရာ အခြေခံသတ်မှတ်ချက်များကို ဆိုင်းငံ့ခြင်း၊ ဖျက်သိမ်းခြင်း၊ သက်တမ်းပြောင်းလဲသတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။

၂၄။ လိုင်စင်ဆိုင်ရာ အခြေခံသတ်မှတ်ချက်များကို ဆက်တိုက် သို့မဟုတ် အလွန်အကျွံချိုးဖောက်ခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်သို့ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ ပမာဏကြီးမားစွာ စွန့်ထုတ်ခြင်းပြုသည့် လိုင်စင်ရရှိသူကို ဦးစီးဌာနက လိုင်စင်ကိုရုပ်သိမ်းရမည်။ ထို့ပြင် ဦးစီးဌာနသည် လုံခြုံမှုမရှိသော အခြေအနေမှ ပြန်လည်တည့်မတ်နိုင်ရေးအတွက် ဆောင်ရွက်ရန် လိုင်စင်ရရှိသူကို ညွှန်ကြားရမည်။

## အခန်း (၆)
## ဓာတ်ရောင်ခြည်ကာကွယ်ရေး

၂၅။ ဦးစီးဌာနသည် အိုင်းယွန်းဖြစ်ရောင်ခြည်ထုတ်လွှတ်မှုကြောင့် လူပုဂ္ဂိုလ်များကို ထိခိုက်မှုမှကာကွယ်နိုင်သည့် အခြေခံလိုအပ်ချက်များကို လက်ခံကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

၂၆။ ဦးစီးဌာနသည် ဤဥပဒေအရ ဈျူကလီးယားဆိုင်ရာလုပ်ငန်းနှင့်လုပ်ဆောင်မှုများလုပ်ကိုင်နေသော လူပုဂ္ဂိုလ်များကို အများဆုံးသင့်ရောက်ခွင့်ပြုသည့် ဓာတ်ရောင်ခြည်ပမာဏ သတ်မှတ်ပေးရမည်။

၂၇။ ဦးစီးဌာနသည် စိစစ်ထားသော ပင်ရင်း သို့မဟုတ် လုပ်ငန်းများကို ဥပဒေကြောင်းအရ ထိန်းချုပ်မှုအောက်မှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် စံသတ်မှတ်ချက်များ သတ်မှတ်ပေးရမည်။

၂၈။ ဦးစီးဌာနသည် လိုင်စင်ရရှိထားသော လုပ်ငန်းနှင့်လုပ်ဆောင်မှုများတွင် အသုံးပြုလျက်ရှိသောရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် အရာဝတ္ထုများကို ဥပဒေထိန်းချုပ်မှုအောက်မှ လွတ်ငြိမ်းခွင့်ပြုနိုင်ရေးအတွက် အန္တရာယ်ကင်းအဆင့်များကို သတ်မှတ်ပေးရမည်။

၂၉။ ဦးစီးဌာနသည် လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို လိုင်စင်ထုတ်မပေးမီ ဓာတ်ရောင်ခြည်ကာကွယ်ရေးအတွက် လိုင်စင်ရရှိသူများ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် အခြေခံလိုအပ်ချက်များကို အသိပေးရမည်။

၃၀။ လိုင်စင်ရရှိသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ယင်း၏လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို ဓာတ်ရောင်ခြည်အန္တရာယ်မှ ဘေးကင်းစွာနှင့် လုံခြုံစိတ်ချစွာ ဆောင်ရွက်ရန်သော်လည်းကောင်း၊ ယင်းသို့ဆောင်ရွက်ထားမှုသည် စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိကြောင်းသေချာစေရန် စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုရန်သော်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ လိုင်စင်ချပေးရန်လိုအပ်သော နည်းဥပဒေဆိုင်ရာ လိုအပ်ချက်များ၊ အခြေအနေများနှင့် ကိုက်ညီမှုရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရန် မူလနှင့်အဓိက တာဝန်ရှိသည်။

## အခန်း (၇)
## ရေဒီယိုသတ္တိကြွပင်ရင်းများ

၃၁။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွပင်ရင်းများနှင့် ရေဒီယိုသတ္တိကြွပင်ရင်းသုံးကိရိယာများကို ၎င်းပင်ရင်းများ၏ ရေဒီယိုသတ္တိကြွသက်တမ်းအတွင်းနှင့် သက်တမ်းကုန်ဆုံးသည့်အခါ ဘေးအန္တရာယ်ကင်းစွာ စီမံထားရှိမှုနှင့် လုံခြုံစွာကာကွယ်ထားရှိမှုတို့ကို ထိန်းချုပ်နိုင်မည့်စနစ်တစ်ရပ်ကို ထူထောင်ရမည်။

၃၂။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွပင်ရင်းများကို ဘေးအန္တရာယ်ကင်းစွာ ထားရှိမှုနှင့်လုံခြုံစွာ ကာကွယ်ထားရှိမှုများဆောင်ရွက်ရန်သော်လည်းကောင်း၊ ရေဒီယိုသတ္တိကြွပင်ရင်းများမှတ်ပုံတင်ခြင်း အမျိုးသားအဆင့်ဆောင်ရွက်ရန်သော်လည်းကောင်း အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုထုတ်ပြန်ထားသော လမ်းညွှန်ချက်များအရ ပင်ရင်းများကို အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းကို လက်ခံကျင့်သုံးရမည်။

၃၃။ ရေဒီယိုသတ္တိကြွပင်ရင်းများကို ဘေးအန္တရာယ်ကင်းစွာနှင့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးသည် ထိုပင်ရင်းများကို ပိုင်ဆိုင်အသုံးပြုခွင့်ရရှိထားသူ၏ မူလနှင့်အဓိက တာဝန်ဖြစ်သည်။

၃၄။ ဦးစီးဌာနသည် အမျိုးသားအဆင့်ရေဒီယိုသတ္တိကြွပင်ရင်းများမှတ်ပုံတင်ခြင်းကိုထူထောင်ထိန်းသိမ်းရမည်။ ယင်းစနစ်တွင်ပါဝင်သော သတင်းအချက်အလက်များကို ကာကွယ်ရန်အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

၃၅။ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု လမ်းညွှန်ချက်များကို အခြေခံ၍ ဦးစီးဌာနသည် နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်နယ်နိမိတ်မှ သို့မဟုတ် နယ်နိမိတ်သို့ သို့မဟုတ် နယ်နိမိတ်ကိုဖြတ်သန်း၍ ရေဒီယိုသတ္တိကြွပင်ရင်းများအားတင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့်တစ်ဆင့်ကူးပြောင်းခြင်းများအတွက် လိုင်စင်ထုတ်ပေးရန်အလို့ငှာ နည်းဥပဒေဆိုင်ရာလိုအပ်ချက်များနှင့် လုပ်ငန်းစဉ်များကို ချမှတ်ရမည်။

၃၆။ ရေဒီယိုသတ္တိကြွပင်ရင်းများ ထိန်းချုပ်မှုအောက်မှ ပျောက်ဆုံးခြင်း သို့မဟုတ် လူပုဂ္ဂိုလ်များသို့ ထိခိုက်ဒဏ်ရာရစေနိုင်ခြင်း၊ ပစ္စည်းဥစ္စာ သို့မဟုတ် ပတ်ဝန်းကျင်တွင် ပျက်စီးဆုံးရှုံးခြင်း သို့မဟုတ် အခြားမည်သည့်အခြေအနေမျိုးကိုမဆို ရောင်ခြည်ထုတ်ပင်ရင်းများနှင့် ဆက်နွှယ်သည့်ထိခိုက်မှုများကို ဦးစီးဌာနသို့ ချက်ချင်းအစီရင်ခံမည့် လိုင်စင်ပေးအပ်ခြင်းခံရသူများ ရှိရမည်။

၃၇။ ဦးစီးဌာနသည် ပိုင်ရှင်မဲ့ ပင်ရင်းများအပေါ် ချက်ချင်းပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် အမျိုးသားအဆင့်နည်းဗျူဟာရေးဆွဲရန် ဆက်စပ်သက်ဆိုင်သော အစိုးရအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ အဆိုပါ အမျိုးသားအဆင့် နည်းဗျူဟာကို ကော်မတီ၏အတည်ပြုချက်ရယူရမည်။

## အခန်း (၈)
## နျူကလီးယားအဆောက်အအုံများ ဘေးကင်းလုံခြုံရေး

၃၈။ ဦးစီးဌာနသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်အတွင်းရှိ နျူကလီးယားအဆောက်အအုံများနှင့် ယင်းနှင့်ဆက်စပ်သောလုပ်ငန်းနှင့် လုပ်ဆောင်မှုများကို စနစ်တကျထိန်းချုပ်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များကို သတ်မှတ်ရမည်။

၃၉။ ချူကလီးယားအဆောက်အအုံတည်ဆောက်မှု သို့မဟုတ် လည်ပတ်မောင်းနှင်မှု သို့မဟုတ် ၎င်းနှင့်ဆက်စပ်သော လုပ်ငန်းနှင့်လုပ်ဆောင်မှုများ ဆောင်ရွက်လိုသူသည် ဦးစီးဌာနက သတ်မှတ်ချက်နှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၄၀။ လိုင်စင်ရရှိသူသည် ချူကလီးယားအဆောက်အအုံနှင့် ယင်းနှင့်ဆက်စပ်သောလုပ်ငန်းနှင့်လုပ်ဆောင်မှုများအားလုံး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကိုသေချာစေရန်အတွက် မူလနှင့်အဓိကတာဝန်ရှိသည်။

၄၁။ ချူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန်လိုင်စင်မပေးအပ်မီ၊ လုပ်ငန်းမစတင်မီနှင့်တည်ဆောက်နေစဉ်ကာလအတွင်း အဆင့်တိုင်းတွင် ဦးစီးဌာနသည် လုပ်ငန်းအစီအစဉ်များကို ပြီးပြည့်စုံအောင် လေ့လာသုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အတည်ပြုချက်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ရမည်။

၄၂။ နိုင်ငံတော်တွင် ချူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန်အလို့ငှာ ပဏာမရွေးချယ်ထားသောနေရာ စိစစ်ရွေးချယ်နိုင်မည့် လုပ်ထုံးလုပ်နည်းတစ်ခုကို ဦးစီးဌာနကဦးဆောင်၍ အခြားလုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များပါဝင်သော အဖွဲ့ဖြင့်ရေးဆွဲရမည်။

၄၃။ လိုင်စင်လျှောက်ထားသူသည် ဦးစီးဌာနက အပြန်အလှန်သုံးသပ်အကဲဖြတ်နိုင်ရေးအတွက် ချူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရန် သတ်မှတ်ထားသော လုပ်ငန်းတည်နေရာ စိစစ်ခြင်းအစီရင်ခံစာတွင် သတ်မှတ်ချက်များနှင့်အညီ ထည့်သွင်းရေးဆွဲ ပြုစုရမည်။

၄၄။ ဦးစီးဌာနအနေဖြင့် အဆိုပြုထားသည့် ချူကလီးယားအဆောက်အအုံ စီမံကိန်းအားသုံးသပ်မှု၊ အကဲဖြတ်မှုနှင့် ထိုလုပ်ငန်းများကို လိုင်စင်ချပေးရန် ဆောင်ရွက်နေစဉ်အတွင်း အဆင့်တိုင်းတွင် သတင်းနှင့်အကြံပေးချက်များအား တည်ဆောက်ရန် ရည်မှန်းထားသော ဒေသအနီးတစ်ဝိုက်ရှိ နေထိုင်သူများအပါအဝင် ပြည်သူလူထုသို့ ထုတ်ပြန်အသိပေးနိုင်ရေးအတွက် အစီအစဉ်တစ်ခု ရေးဆွဲရမည်။

၄၅။ ချူကလီးယားဓာတ်ပေါင်းဖိုများကို ပိတ်သိမ်းချိန်တိုးမြှင့်ရာတွင် ဦးစီးဌာနက ချမှတ်ထားသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် တိကျသောနည်းပညာအစီအမံများဖြင့် ပြင်ဆင်ထားရမည်။

၄၆။ ဦးစီးဌာနသည် ချူကလီးယားအဆောက်အအုံများအား ဖျက်သိမ်းခြင်းနှင့်ဆိုင်သော အခြေခံလိုအပ်ချက်များကို ချမှတ်ပေးရမည်။

၄၇။ ဦးစီးဌာနသည် ချူကလီးယားအဆောက်အအုံ တည်ဆောက်လည်ပတ်ရန် လျှောက်ထားသူကိုဆောက်လုပ်ခြင်းမစတင်မီ ဓာတ်ရောင်ခြည်ဆိုင်ရာအခြေအနေများအပါအဝင် တည်ဆောက်မည့်နေရာအတွက် အခြေခံလေ့လာစုံစမ်းမှုများကိုဆောင်ရွက်ခြင်း၊ တည်ဆောက်လည်ပတ်ပြီးနောက်ဖျက်သိမ်းပြီးစီးသည့်နောက်ဆုံးအဆင့်နှင့် နှိုင်းယှဉ်နိုင်ရန် သတင်းအချက်အလက်စုဆောင်းခြင်းများကို ပြုလုပ်ဆောင်ရွက်စေရမည်။

၄၈။ ဦးစီးဌာနသည် လိုင်စင်ရရှိသူကို ချူကလီးယားအဆောက်အအုံ မဖျက်သိမ်းမီ၊ ဖျက်သိမ်းနေစဉ်နှင့်ဖျက်သိမ်းပြီးကာလများအတွက် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားစေရမည်။

၄၉။ ဦးစီးဌာနသည် ချူကလီးယားအဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ပိုင်းကိုဖြစ်စေအပြီးတိုင်ပိတ်သိမ်းရမည့် အချိန်သတ်မှတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ ချမှတ်ရမည်။

၅၀။ ဦးစီးဌာနသည် လုပ်ငန်းဖျက်သိမ်းခြင်းကို အပြီးသတ်ဆောင်ရွက်ပြီးနောက် ချူကလီးယားအဆောက်အအုံ၏ နောက်ဆုံးအခြေအနေသည် သက်ဆိုင်သည့် သတ်မှတ်ထားသည့် အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ သေချာစေရန် အကဲဖြတ် စိစစ်ရမည်။

၅၁။ ဦးစီးဌာနအနေဖြင့် လိုင်စင်ရရှိထားသူက ချူကလီးယားအဆောက်အအုံ ဖျက်သိမ်းခြင်းစီမံချက်၏နောက်ဆုံးအဆင့်သို့ ရောက်ရှိကြောင်း သက်သေပြနိုင်မှုမရှိသေးခြင်းနှင့် သတ်မှတ်ထားသည့် အခြေခံ

လိုအပ်ချက်များ ပြည့်မီကြောင်းပြသနိုင်သည့်အခြေအနေသို့ မရောက်မီအထိ ထိုအဆောက်အအုံအား ဥပဒေနှင့် အညီ ဆက်လက်ထိန်းချုပ်ထားရမည်။

၅၂။ ဦးစီးဌာနသည် နျူကလီးယားအဆောက်အအုံဖျက်သိမ်းခြင်း အစီအစဉ်နှင့်သက်ဆိုင်သည့် အခြေခံလိုအပ်ချက်များ၊ လုပ်ငန်းဖျက်သိမ်းခြင်းနှင့် ပတ်သက်သည့် လိုင်စင်ရရှိသူ၏ တာဝန်ဝတ္တရားများနှင့် ဖျက်သိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးအစီအမံများ၊ လိုင်စင်ထုတ်ပေးသည့်စနစ်နှင့် နျူကလီးယားအဆောက်အအုံ လည်ပတ်မောင်းနှင်သူများ၏ အရည်အသွေးတို့ကို သတ်မှတ်ရမည်။

## အခန်း (၉)
## အရေးပေါ်ပြင်ဆင်မှုနှင့် တုံ့ပြန်မှု

၅၃။ အရေးပေါ်ဆိုင်ရာ အခြေအနေအတွက် သင့်လျော်သော ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု စီမံချက်ကို လိုင်စင်လျှောက်ထားသူက ရေးဆွဲမှုမပြီးသေးမီနှင့် ယင်းကို ဦးစီးဌာနက အတည်ပြုချက်မရသေးမီ လုပ်ငန်းနှင့်လုပ်ဆောင်မှုများဆောင်ရွက်ခြင်း၊ ပင်ရင်းများကို ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်းနှင့် နျူကလီးယား အဆောက်အအုံတစ်ခု လည်ပတ်မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုင်စင်ထုတ်ပေးခြင်းမပြုရ။

၅၄။ ဦးစီးဌာနသည် မည်သည့်လုပ်ငန်းနှင့် လုပ်ဆောင်မှုများ၊ ဓာတ်ရောင်ခြည်ပင်ရင်းများ သို့မဟုတ် နျူကလီးယားအဆောက်အအုံများအတွက် အရေးပေါ်အခြေအနေဆောင်ရွက်ရန်လိုအပ်လာနိုင်သည့် လုပ်ငန်းများ၏ လုပ်ငန်းနေရာအတွင်းနှင့် ပြင်ပတို့နှင့်စပ်လျဉ်း၍ အရေးပေါ်အခြေအနေဆိုင်ရာ စီမံချက်များပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်းတို့ကို လိုအပ်ချက်တစ်ရပ်အနေဖြင့် နည်းဥပဒေတွင်လည်းကောင်း၊ လိုင်စင်ထုတ်ပေးရန်လိုအပ်ချက်များတွင်လည်းကောင်း ထည့်သွင်းနိုင်ရန် ဆောင်ရွက်ပေးရမည်။

၅၅။ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်သည့် အမျိုးသားအဆင့်စီမံချက်များကို အခြားသော အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် အတူတကွပူးပေါင်းရေးဆွဲရမည်။ ၎င်းအရေးပေါ်ဆိုင်ရာ စီမံချက်များကို အချိန်မှန်ပြန်လည်သုံးသပ်ခြင်း ဖြည့်စွက်တင်ပြခြင်း၊ အတည်ပြုခြင်းနှင့် ကြိုတင်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ရမည်။ အရေးပေါ်ဖြစ်ပွားလာသည့်အခါ လိုင်စင်ရရှိသူသည် အရေးပေါ်စီမံချက်များကို ဦးစီးဌာန၏ အတည်ပြုချက်အတိုင်း ကိုက်ညီအောင်ဆောင်ရွက်ရမည်။

၅၆။ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်တွင် ရေဒီယိုသတ္တိကြွ ညစ်ညမ်းမှုသည် နိုင်ငံတော်၏နယ်နိမိတ်ကိုဖြတ်ကျော်၍ ပျံ့နှံ့နိုင်သည့်အန္တရာယ်ရှိပါက နိုင်ငံတော်အစိုးရသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသို့လည်းကောင်း၊ ဓာတ်ရောင်ခြည်ထုတ်လွှတ်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်ပေါ်နိုင်သည့် နိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ချက်ချင်းအကြောင်းကြားရမည်။

၅၇။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာပဋိညာဉ်များပါ သတ်မှတ်ချက်များအရ နျူကလီးယား သို့မဟုတ် ဓာတ်ရောင်ခြည်ဆိုင်ရာ အရေးပေါ်အခြေအနေများတွင် သတင်းအချက်အလက်နှင့် လိုအပ်သည့် အကူအညီများကို ထောက်ပံ့ရေးအတွက် ဆက်သွယ်ရမည့်အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## နျူကလီးယားဒြပ်ပစ္စည်းဆိုင်ရာသတ္တုတူးဖော်ခြင်းနှင့်သန့်စင်ခြင်း

၅၈။ ဦးစီးဌာနသည် နျူကလီးယားဒြပ်ပစ္စည်းများ စူးစမ်းရှာဖွေခြင်း၊ တူးဖော်ခြင်း၊ သန့်စင်ခြင်းနှင့် လုပ်ဆောင်လည်ပတ်ခြင်းလုပ်ငန်းတို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးနိုင်ရန် အခြေခံလိုအပ်ချက်များကို သတ်မှတ်ရမည်။

၅၉။ ဦးစီးဌာနသည် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ ဥပဒေကို လိုက်နာမှု ရှိ မရှိ၊ နည်းဥပဒေနှင့် ကိုက်ညီမှု ရှိမရှိ၊ စည်းမျဉ်း၊ စည်းကမ်း၊ အခြေခံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေး

အတည်ပြုနိုင်ရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ စနစ်တစ်ခုထူထောင်ထားရမည်။

၆၀။ လုပ်ငန်းခွင်တစ်ခုမှ ယူရေနီယံ သို့မဟုတ် သိုရီယံပါဝင်သော သတ္တုတူးဖော်ခြင်းနှင့်ထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် လျှောက်ထားသူသည် သတ်မှတ်ထားသော လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဦးစီးဌာနသို့ တင်ပြရမည်။

၆၁။ လိုင်စင်တွင်ပါဝင်သော သတ္တုတူးဖော်ခြင်းနှင့် သတ္တုသန့်စင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချမှု သေချာစေရေးသည် လိုင်စင်ရရှိထားသူ၏ မူလနှင့် အဓိကတာဝန်ဖြစ်သည်။

၆၂။ လိုင်စင်ရရှိထားသူသည် ဦးစီးဌာနက တောင်းဆိုသော သတင်းအချက်အလက်များကို ပံ့ပိုးပေးရမည့်အပြင် ချမှတ်ထားသော နည်းဥပဒေများနှင့် လိုင်စင်ရရှိရေးအတွက် အခြေခံအချက်အလက်များနှင့် ကိုက်ညီကြောင်း အတည်ပြုနိုင်ရန် ဝင်ရောက်စစ်ဆေးမှုများကို ခွင့်ပြုရမည်။

၆၃။ လိုင်စင်ရရှိထားသူသည် ဦးစီးဌာနက တောင်းဆိုလာနိုင်သည့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းထားရမည်။ လိုအပ်၍စုံစမ်းစစ်ဆေးမှုပြုပါက တင်ပြနိုင်ရမည်။

## အခန်း (၁၁)
## ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း

၆၄။ ဦးစီးဌာနသည် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်အတွင်း တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် လိုအပ်သော အခြေခံအချက်အလက်များကို ချမှတ်ပေးရမည်။

၆၅။ လိုင်စင်ရရှိသူသည် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သယ်ယူပို့ဆောင်နေစဉ်အတွင်း ဘေးအန္တရာယ်ကင်းမှုနှင့် လုံခြုံစိတ်ချရမှုများအတွက် မူလနှင့် အဓိကတာဝန်ရှိသည်။

## အခန်း (၁၂)
## ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းနှင့်အသုံးပြုပြီးလောင်စာများစီမံခန့်ခွဲခြင်း

၆၆။ ဤဥပဒေကို အရပ်ဘက်သုံးချူကလီးယားဆိုင်ရာ အသုံးချမှုလုပ်ငန်းများမှ ထွက်ရှိလာသောမည်သည့် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းကိုမဆို စီမံခန့်ခွဲရန် အသုံးချရမည်။

၆၇။ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းနှင့် အသုံးပြုပြီးလောင်စာစီမံခန့်ခွဲမှုအတွက် အမျိုးသားအဆင့်မူဝါဒနှင့် နည်းဗျူဟာများကို ဦးစီးဌာနက ဦးဆောင်ရေးဆွဲ၍ ကော်မတီ၏ အတည်ပြုချက်ကို ရယူရမည်။

၆၈။ နိုင်ငံတော်အတွင်း ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများနှင့် အသုံးပြုပြီးလောင်စာစီမံခန့်ခွဲမှုကို ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးသေချာမှုရှိစေရန် ဦးစီးဌာနသည် စီမံခန့်ခွဲမှုဆိုင်ရာ နည်းဥပဒေများ ရေးဆွဲရမည်။

၆၉။ စီမံခန့်ခွဲမှု အဆောက်အအုံများအတွင်း သို့မဟုတ် အပြင်ရှိ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သို့မဟုတ် အသုံးပြုပြီးလောင်စာများကို ထိန်းသိမ်းထားရှိသည့် သက်တမ်းတစ်လျှောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးသေချာမှုရှိစေရန်မှာ လိုင်စင်ရရှိထားသူ၏ မူလနှင့် အဓိကတာဝန်ဖြစ်သည်။

၇၀။ နျူကလီးယားစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အဆောက်အအုံများအတွက် လိုင်စင်ရရှိထားသူသည် ထိုအဆောက်အအုံလုပ်ငန်းပိတ်သိမ်းရေးအတွက် ဦးစီးဌာန၏ ထိန်းချုပ်မှုများပါဝင်သည့် အစီအစဉ်တစ်ခုကို ရေးဆွဲထားရမည်။ ဦးစီးဌာနသည် ယင်းအဆောက်အအုံများ လည်ပတ်မောင်းနှင်ရန် လိုင်စင်မပေးအပ်မီ ထိုအစီအစဉ်ကို စိစစ်၍ အတည်ပြုရမည်။

## အခန်း (၁၃)

## ချောကလီးယားထိခိုက်ပျက်စီးမှုအတွက် ပေးလျော်ရန်တာဝန်ရှိမှုနှင့် အကျုံးဝင်မှု

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီသော ချောကလီးယားထုထောင်မှုများကို ဆောင်ရွက်သည့် လည်ပတ်မောင်းနှင်သူ ဆောင်ရွက်နေသော ချောကလီးယားထုထောင်မှု၌ ထူးခြားဖြစ်ရပ်ကြောင့် ချောကလီးယား ထိခိုက်မှုများပေါ်ပေါက်ရသည်ဟု သက်သေပြနိုင်ပါက မည်သည့်နေရာတွင်မဆို ထိခိုက်ခံစားရလျှင် အဆိုပါ ထိခိုက်မှုအတွက် ထိုလည်ပတ်မောင်းနှင်သူသာလျှင် တာဝန်ယူရမည်။

၇၂။ ပိုင်ရှင်မဲ့ပင်ရင်း သို့မဟုတ် ပိုင်ရှင်မဲ့စွန့်ပစ်သွားသော ချောကလီးယားဒြပ်ပစ္စည်းကြောင့် ဖြစ်ပေါ်လာသော ချောကလီးယားထိခိုက်မှုများအတွက် နောက်ဆုံးလိုင်စင်ရရှိခဲ့သော လည်ပတ်မောင်းနှင်သူကသာ ပေးလျော်ရန် တာဝန်ရှိသည်။

၇၃။ ချောကလီးယားဒြပ်ပစ္စည်းကို သယ်ယူပို့ဆောင်ရာတွင် ပေးပို့သူနှင့်လက်ခံသူအကြား ချောကလီးယား ထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိမှု လွှဲပြောင်းနိုင်ရန် စာဖြင့်ရေးသားထားသော သဘောတူညီမှု မရှိခဲ့လျှင် အဆိုပါပစ္စည်းကို လက်ခံရယူခြင်းမပြုမီအထိ ပေးပို့သူကသာ ချောကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန် တာဝန်ရှိသည်။ သို့မဟုတ် ပေးပို့သူ၏တောင်းဆိုချက်အရ ပစ္စည်းသယ်ဆောင်သူအား ချောကလီးယားထိခိုက်မှုအတွက် ပေးလျော်ရန်တာဝန်ရှိမှုကို လွှဲပြောင်းထားခဲ့လျှင် သယ်ဆောင်သူအား ဤဥပဒေအရ တာဝန်ရှိသူအဖြစ် မှတ်ယူရမည်။

၇၄။ ချောကလီးယားထိခိုက်မှုများဆိုင်ရာ ပေးလျော်ရန်တာဝန်ရှိမှုပဋိညာဉ်၏ စာချုပ်ဝင်မဟုတ်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်အတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးထံ ချောကလီးယားဒြပ်ပစ္စည်းပေးပို့သည့် ကိစ္စရပ်တွင် အဆိုပါနိုင်ငံ၏ နယ်နိမိတ်အတွင်းချောကလီးယားဒြပ်ပစ္စည်းကို ကုန်ချခြင်းမပြီးမီအထိ ပေးပို့သူတွင် တာဝန်ရှိသည်။ အဆိုပါပစ္စည်းအား ကုန်ချခြင်းပြီးသည့်အခါမှသာ လက်ခံသူတွင် တာဝန်ရှိသည်။

၇၅။ မည်သည့် ချောကလီးယားထူးခြားဖြစ်ရပ်တစ်ခုကြောင့် ဖြစ်ပွားသော ချောကလီးယားထိခိုက်မှုအတွက် မဆို ချောကလီးယားထုထောင်မှုတွင် လည်ပတ်မောင်းနှင်သူတစ်ဦး၏ အနည်းဆုံးတာဝန်ယူရမှု ငွေကြေး ပမာဏသည် လက်ခံကျင့်သုံးလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ချောကလီးယားထိခိုက်ပျက်စီးမှုအတွက် ပေးလျော်ရန်တာဝန်ရှိမှု ကွန်ဗင်းရှင်းပါအတိုင်း ဖြစ်သည်။

၇၆။ ချောကလီးယားထုထောင်မှုတွင် လည်ပတ်မောင်းနှင်သူသည် ပျက်စီးဆုံးရှုံးမှုအတွက် ယင်း၏ တာဝန် ယူမှုတွင် ငွေကြေးဆိုင်ရာလုံလောက်ကြောင်း အာမခံနိုင်မှုကို ဦးစီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည်။

၇၇။ ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ချောကလီးယားထိခိုက်မှုအတွက် အသက်ဆုံးရှုံးမှုများ သို့မဟုတ် တစ်ကိုယ်ရေထိခိုက်မှုများအတွက် ချောကလီးယားထူးခြားဖြစ်ရပ် ဖြစ်ပွားပြီးနောက် နှစ်ပေါင်း ၃၀ အတွင်းနှင့် အခြားချောကလီးယား ပျက်စီးဆုံးရှုံးမှုများအတွက် ၁၀ နှစ်အတွင်း မတောင်းခံလျှင် လျော်ကြေးတောင်းခံခွင့် ချုပ်ငြိမ်းစေရမည်။

၇၈။ ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ချောကလီးယားထိခိုက်မှုအတွက် လျော်ကြေးတောင်းခံခွင့်ကို ထိခိုက်မှု ခံစားရကြောင်း သိရှိသည့်နေ့မှစ၍ သို့မဟုတ် ထိခိုက်မှုကို စတင်သိရှိသည်ဟု လုံလောက်သောအကြောင်း တရားများ ဖြစ်သည့်နေ့မှစ၍ သုံးနှစ်အတွင်းနှင့် ပုဒ်မ ၇၇ တွင်ဖော်ပြထားသော ကန့်သတ်ချိန်မကုန်ဆုံးမီ အချိန်ထိ အကျုံးဝင်သည်။

၇၉။ နောက်ဆုံးတရားစီရင်ချက်မချမှတ်မီနှင့် ၎င်းသတ်မှတ်ကာလ၏ သက်တမ်းကုန်ဆုံးရက်ကျော်လွန်ခဲ့ သော်လည်း သက်ဆိုင်ရာတရားရုံးမှ ချမှတ်ထားသော ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိလျှင် ချောကလီးယား ထိခိုက်မှုကို ခံစားရ၍ လျော်ကြေးငွေတောင်းခံသော မည်သူမဆိုနှင့် ပုဒ်မ ၇၈ ပါသတ်မှတ်ကာလအတွင်း လျော်ကြေးတောင်းခံလွှာတင်ပြလာသည့်မည်သူမဆို ပျက်စီးမှုအခြေအနေနှင့် ပိုမိုဆိုးရွားလာသည့်ထိခိုက်မှုကို လည်း ထည့်သွင်းတွက်ချက်၍ သတ်မှတ်ကာလ ကျော်လွန်သွားသည့်တိုင်အောင် ပြင်ဆင်တောင်းဆိုနိုင်သည်။

၈၀။ လျော်ကြေးတောင်းဆိုမှုများသည် သတ်မှတ်ချက်ထက်ကျော်လွန်နေပါက သို့မဟုတ် ကျော်လွန်သည့်သဘော သက်ရောက်လျှင် ချူကလီးယားထူးခြားဖြစ်ရပ်ကြောင့် ဖြစ်ပေါ်လာသော ချူကလီးယားထိခိုက်မှုအတွက် လျော်ကြေးငွေကို ပုဒ်မ ၇၅ တွင်ဖော်ပြထားသည့် တစ်ကိုယ်ရေထိခိုက်မှု သို့မဟုတ် အသက်ဆုံးရှုံးမှုအတွက် ဦးစွာပေးလျော်ရမည်။ အဆိုပါတောင်းဆိုမှုများအားလုံးပြည့်စုံပြီးနောက်တွင်မှ အခြားဆုံးရှုံးပျက်စီးမှုအတွက် တောင်းဆိုမှုများကို ပေးလျော်စေရမည်။

၈၁။ နိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်အတွင်း သို့မဟုတ် အချုပ်အခြာအာဏာပိုင်နယ်နိမိတ်အတွင်း ဖြစ်ပွားသော ချူကလီးယားထူးခြားဖြစ်ရပ်ကြောင့်ဖြစ်ပေါ်သော ချူကလီးယားထိခိုက်မှုများအတွက် လျော်ကြေးတောင်းခံမှုကို ကြားနာစစ်ဆေးရန် စီရင်ပိုင်ခွင့်ရှိသော တရားရုံးဖြစ်ရမည်ဖြစ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါတရားရုံးသို့ တင်သွင်းရမည်။

၈၂။ ဤဥပဒေအရ ချူကလီးယားထိခိုက်မှုများအတွက် လျော်ကြေးတောင်းခံခွင့်ရှိသော မည်သူမဆို တာဝန်ရှိသော လည်ပတ်မောင်းနှင်သူထံမှလည်းကောင်း၊ အာမခံထားသူထံမှလည်းကောင်း၊ ငွေကြေးလုံခြုံမှုရှိစေရန် အာမခံချက်ပေးထားသော သို့မဟုတ် ထောက်ပံ့နေသော အခြားပုဂ္ဂိုလ်ထံမှလည်းကောင်း လျော်ကြေးရရှိရေးအတွက် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၈၃။ ချူကလီးယားထိခိုက်မှုများသည် လက်နက်ကိုင်ပဋိပက္ခ၊ ရန်လိုတိုက်ခိုက်မှု၊ ပြည်တွင်းစစ် သို့မဟုတ် ပုန်ကန်ထကြွမှုတို့ကြောင့် တိုက်ရိုက်ဖြစ်ပွားသည်ဟု အကြောင်းတရားခိုင်လုံပါက လည်ပတ်မောင်းနှင်သူတွင် တာဝန်မရှိစေရ။

၈၄။ ချူကလီးယား ထိခိုက်ပျက်စီးမှုများ၏ တစ်ခုလုံးဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသဖြစ်စေ ဖြစ်ရခြင်းသည် ထိခိုက်ပျက်စီးမှုကို ခံစားရသော လူပုဂ္ဂိုလ်၏ ကြီးမားသောပေါ့ဆမှုကြောင့် သို့မဟုတ် ထိုသူ၏ အပြုအမူသည် ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့်ပြုမူခြင်း၊ ဆောင်ရွက်ရန် ချန်လှပ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပေါ်သည်ဟု လုံလောက်သော အကြောင်းပြချက်ရှိပါက ထိုသူကြောင့် ပျက်စီးရမှုပမာဏပေါ်မူတည်၍ လည်ပတ်မောင်းနှင်သူသည် မိမိလျော်ကြေးပေးရန် တာဝန်ရှိမှု၏ အားလုံးကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဖြစ်စေ သက်သာခွင့်ရှိစေရမည်။

၈၅။ ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်ပြုမူခြင်း၊ ဆောင်ရွက်ရန်ချန်လှပ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပေါ်သော အကြောင်းရင်းတစ်ခုခုအတွက် ချူကလီးယားလည်ပတ်မောင်းနှင်သူကတာဝန်ယူရန်မလိုအပ်သော ပျက်စီးမှုများအတွက် မည်သို့သော တာဝန်ယူမှုတစ်ခုချင်းစီအပေါ် ဤဥပဒေပါ မည်သည့်အချက်နှင့်မျှ သက်ရောက်မှု မရှိစေရ။

## အခန်း (၁၄)
## ချူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာကိစ္စရပ်များ

၈၆။ နိုင်ငံတော်က ပါဝင်ထားသည့် ချူကလီးယားနှင့်ဆက်စပ်သော အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့်အညီ ချူကလီးယားဒြပ်ပစ္စည်းကို ငြိမ်းချမ်းသောရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည်။

၈၇။ ဦးစီးဌာနအနေဖြင့် ချူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်၊ အလုံးစုံချူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ သဘောတူညီချက်နှင့် နောက်ဆက်တွဲစာချုပ်ပါ ပြဋ္ဌာန်းချက်တို့ကို ပြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်။

၈၈။ ဦးစီးဌာနသည် ပုဒ်မ ၈၇ ပါ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို သတ်မှတ်ရေးဆွဲရမည်။

၈၉။ ဦးစီးဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် လိုင်စင်ရရှိထားသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့သည် ချူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများထိန်းချုပ်စောင့်ကြပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ကျင့်သုံးဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။

၉၀။ နျူကလီးယားဒြပ်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သန့်စင်ထုတ်လုပ်ခြင်း သို့မဟုတ် နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများဆောင်ရွက်ရန် လိုင်စင်ရရှိထားသူသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၅)
## နျူကလီးယားဆိုင်ရာပို့ကုန်သွင်းကုန် ထိန်းချုပ်မှုများ

၉၁။ နိုင်ငံတော်မှပါဝင်ထားသည့် နျူကလီးယားနှင့်ဆက်စပ်သော အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့် အညီ ဦးစီးဌာနသည် နိုင်ငံတော်ကတင်ပို့မည့် သို့မဟုတ် နိုင်ငံတော်သို့ တင်သွင်းမည့် နျူကလီးယားနှင့် ဆက်စပ်ကုန်ပစ္စည်းများကို ထိန်းချုပ်ရန်အလို့ငှာ ကန့်သတ်ကုန်အမျိုးအစားနှင့် ကန့်သတ်ကုန်ပစ္စည်းများ စာရင်းကို ပြုစုထားရမည်။

၉၂။ ဦးစီးဌာနသည် ကန့်သတ်ကုန်ပစ္စည်းများကို နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်က တင်ပို့ခြင်းများအတွက် လိုင်စင်ချပေးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို ရေးဆွဲရမည်။

၉၃။ တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သော မည်သူ့ကိုမဆို စုံစမ်း မေးမြန်းမှုများဆောင်ရွက်၍ ဦးစီးဌာနကချမှတ်ထားသော စီမံခန့်ခွဲရေးနည်းလမ်းများနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

## အခန်း (၁၆)
## နျူကလီးယားလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာကာကွယ်မှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှု

၉၄။ ဦးစီးဌာနသည် နျူကလီးယားနှင့်အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ၏ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်မှု အတွက် နည်းဥပဒေများကို သတ်မှတ်ရေးဆွဲရမည်။

၉၅။ တည်ဆဲနည်းဥပဒေပါ လိုင်စင်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများနှင့် ၎င်းနှင့်ဆက်စပ်သည့် အဆောက်အအုံများ၏ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်မှုသေချာစေရန်အတွက် အဆိုပါပစ္စည်းများကိုအသုံးချ၍ လုပ်ငန်းများလုပ်ဆောင်နေသည့် လိုင်စင်ကိုင်ဆောင်ထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတွင် မူလနှင့် အဓိကတာဝန်ရှိသည်။

၉၆။ နျူကလီးယား သို့မဟုတ် အခြားရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကို ခိုးယူခံရခြင်း၊ ခိုးယူရန်ခြိမ်းခြောက် ခံရခြင်းနှင့် ပျောက်ဆုံးခြင်းများရှိပါက လိုင်စင်ရရှိသူသည် ဦးစီးဌာနသို့ နှောင့်နှေးမှုမရှိဘဲ အသိပေးအကြောင်း ကြားခြင်း၊ အသေးစိတ်အစီရင်ခံစာကို ဦးစီးဌာနသို့ ချက်ချင်းတင်ပြခြင်းများဆောင်ရွက်ရမည်။ ဦးစီးဌာနက ထပ်မံတောင်းဆိုလာသော သတင်းအချက်အလက်များကိုလည်း ပံ့ပိုးပေးရမည်။

၉၇။ နျူကလီးယား သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ စက်ကိရိယာနှင့်နည်းပညာကိုခိုးယူခြင်း၊ လုယူခြင်း သို့မဟုတ် ဥပဒေမဲ့မည်သို့သောယူဆောင်ခြင်းများမဆို ပါဝင်သည့် ထူးခြားဖြစ်ရပ်များတွင် ဦးစီးဌာနသည် ထိုဖြစ်ရပ်၏ ထိခိုက်သက်ရောက်နိုင်မှုအတိုင်းအတာအပေါ် မူတည်၍ အခြားနိုင်ငံများနှင့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရေးယူဆောင်ရွက်မှုအဆင့်များအလိုက် ပူးပေါင်းဆောင်ရွက်ရမည်။

၉၈။ မည်သူမဆို တစ်စုံတစ်ယောက်ကို သတင်းအချက်အလက်များနှင့်ပတ်သက်၍ ဆက်သွယ်မှုပြုရာတွင် ၎င်းဆက်သွယ်မှုပြုလုပ်ခြင်းသည် နျူကလီးယားဒြပ်ပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းတစ်ခု၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ပျက်ပြားစေနိုင်ကြောင်းသိရှိနေရမည်။ အကယ်၍ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေး ယူခြင်းခံရမည်။ ယင်းပြဋ္ဌာန်းချက်သည် လိုင်စင်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား အကျုံးမဝင်စေရ။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးအရ အရေးယူခြင်းနှင့် အယူခံဝင်ခြင်း

၉၉။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်ရရှိထားသောလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် ပြဋ္ဌာန်းထားသော သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်

ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အခြေခံသတ်မှတ်ချက်များကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ် ပယ်ဖျက်နိုင်သည်။

၁၀၀။ ဦးစီးဌာနက မှတ်ပုံတင်ထုတ်ပေးရန်ဖြစ်စေ၊ လိုင်စင်ထုတ်ပေးရန်ဖြစ်စေ၊ လိုင်စင်သက်တမ်းတိုးရန်ဖြစ်စေ ကျိုးကြောင်းဖော်ပြငြင်းပယ်ခြင်းကို မကျေနပ်ပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာထုတ်ပြန်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။

၁၀၁။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

၁၀၂။ ဦးစီးဌာနသည် လိုင်စင်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အခြေခံသတ်မှတ်ချက်များကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိရသည့်လိုင်စင်ရရှိထားသောလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) လိုင်စင်ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ စိစစ်စစ်ဆေးပြီး ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်သက်တမ်း ပြင်ဆင်ပြောင်းလဲခြင်း၊

(ဃ) ပြန်လည်ရုပ်သိမ်းခြင်း၊

(င) လိုင်စင်ပယ်ဖျက်ခြင်း။

၁၀၃။ ဦးစီးဌာန၏ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ဆုံးဖြတ်ချက်သည် လိုင်စင်လျှောက်ထားသူ၊ လိုင်စင်ရရှိသူနှင့် အခြားပုဂ္ဂိုလ်များကို ကြီးမားစွာ ထိခိုက်မှုနစ်နာမှုရှိစေသည့်အပြင် အခြားဥပဒေတစ်ရပ်ရပ်မှချမှတ်ထားသော နည်းဥပဒေများနှင့်လည်းအကျုံးဝင်ပါက ထိုဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ကြောင်းထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မတီထံအယူခံဝင်နိုင်သည်။

၁၀၄။ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

## အခန်း (၁၈)
## တားမြစ်ချက်များ

၁၀၅။ မည်သူမျှ ဤဥပဒေနှင့်အညီ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကို ဦးစီးဌာနက ငြင်းပယ်လျှင်ဖြစ်စေ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာများနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် စက်ကိရိယာများ၊ ပင်ရင်းများကို လက်ဝယ်ထားရှိခြင်းမပြုရ။

၁၀၆။ မည်သူမျှ လိုင်စင်မရှိဘဲ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၀၇။ မည်သူမျှ ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာများကို ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းမပြုရ။

၁၀၈။ မည်သူမျှ ဆက်လက်သုံးစွဲရန် သို့မဟုတ် သိမ်းဆည်းထားရန်မသင့်ဟု ဦးစီးဌာနက သတ်မှတ်ထားသည့် နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်စက်ကိရိယာကို လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၁၀၉။ မည်သူမျှ ဦးစီးဌာနက လိုင်စင်ချထားပေးခြင်းမရှိသောလုပ်ငန်းနှင့် လုပ်ဆောင်မှုများကိုလည်းကောင်း၊ ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုထားခြင်းမရှိသောလုပ်ငန်းများကိုလည်းကောင်း လုပ်ဆောင်ခြင်းမပြုရ။

၁၁၀။ မည်သူမျှ ရေဒီယိုသတ္တိကြွပင်ရင်းအား ဆက်လက်အသုံးပြုရန်မသင့်လျော်ပါက သို့မဟုတ် ဆက်လက်အသုံးမပြုလိုပါက ပြန်လည်ပေးပို့ခြင်းကို ထုတ်လုပ်သူကလက်ခံရန်သဘောမတူလျှင် ဝယ်ယူတင်သွင်းခြင်းမပြုရ။

၁၁၁။ လိုင်စင်ရရှိထားသူမည်သူမျှ လိုင်စင်ပါ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို တိုးချဲ့မွမ်းမံရန် ရည်ရွယ်ချက်ရှိပါက ထိုတိုးချဲ့မွမ်းမံမှုအတွက် လိုင်စင်မရမချင်း ဆောင်ရွက်ခြင်းမပြုရ။

၁၁၂။ သတ်မှတ်ထားသော အခြေခံအချက်အလက်များနှင့် မကိုက်ညီပါက မည်သူမျှ ရေဒီယိုသတ္တိကြွ ဒြပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းမပြုရ။

၁၁၃။ မည်သူမျှ ဦးစီးဌာန၏ လိုင်စင်မရရှိဘဲ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သို့မဟုတ် အသုံးပြုပြီးလောင်စာများ စီမံခန့်ခွဲမှုအဆောက်အအုံများကို လုပ်ကိုင်ဆောင်ရွက်ခွင့်မပြုရ။

၁၁၄။ မည်သူမျှ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်ပြင်ပရှိ ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများ သို့မဟုတ် အသုံးပြုပြီးလောင်စာများကိုမည်သည့်ရည်ရွယ်ချက်နှင့်မျှ နိုင်ငံတော်အတွင်းသို့ တင်သွင်းခြင်းမပြုရ။

၁၁၅။ မည်သူမျှ ဦးစီးဌာန၏ ကြိုတင်လိုင်စင်ရယူထားခြင်းမရှိဘဲ ကန့်သတ်ကုန်ပစ္စည်းများကို နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်က တင်ပို့ခြင်းများမပြုရ။

၁၁၆။ မည်သူမျှ နျူကလီးယားဒြပ်ပစ္စည်း၏ ရုပ်ပိုင်းဆိုင်ရာကာကွယ်ခြင်းပဋိညာဉ်နှင့် ၎င်း၏ပြင်ဆင်ချက်တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိထားသော မည်သည့်သတင်းအချက်အလက်မဆို ပါဝင်သော လျှို့ဝှက်သတင်းအချက်အလက်များကို ဖော်ထုတ်ခြင်းမပြုရ။

၁၁၇။ မည်သူမျှ နိုင်ငံတော်တွင် နျူကလီးယားလက်နက်များနှင့်အခြားပေါက်ကွဲစေနိုင်သော ပစ္စည်းကိရိယာများ၊ ယင်းတို့ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ထိန်းချုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့်စုဆောင်းခြင်း၊ ထုတ်လုပ်ရန်အလို့ငှာ မည်သို့သော အကူအညီကိုမဆို ရှာဖွေခြင်း သို့မဟုတ် လက်ခံရယူခြင်းမပြုရ။

၁၁၈။ မည်သူမျှ အောက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ -

(က) ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ခိုးယူခြင်း သို့မဟုတ် လုယူခြင်း၊

(ခ) ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် တုပလိမ်လည်ရယူခြင်း၊

(ဂ) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းသို့ဖြစ်စေ ပြည်ပသို့ဖြစ်စေ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း။

၁၁၉။ မည်သူမျှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို တစ်စုံတစ်ရာပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ဘဲ ရှောင်လွှဲရန်အလို့ငှာ ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ (က)ပါ အပြုအမူများကို ပြုမူဆောင်ရွက်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်း မပြုရ။

၁၂၀။ မည်သူမျှ နျူကလီးယားနှင့်ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများ သို့မဟုတ် နျူကလီးယားပစ္စည်းတစ်ခုခု သို့မဟုတ် နျူကလီးယားအဆောက်အအုံတစ်ခုကို ခြိမ်းခြောက်၍သော်လည်းကောင်း ခြိမ်းခြောက်သည်ဟု ယုံကြည်နိုင်လောက်သော အခြေအနေများ ဖြစ်ပေါ်စေ၍လည်းကောင်း သို့မဟုတ် အင်အားသုံး၍ သော်လည်းကောင်း ရည်ရွယ်ချက်ရှိစွာဖြင့် ဥပဒေနှင့်မညီသည့် တောင်းဆိုမှုများမပြုရ။

၁၂၁။ မည်သူမျှ ဥပဒေအရ တရားဝင်လိုင်စင်မရရှိဘဲ ရေဒီယိုသတ္တိကြွ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို လက်ခံရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ပြောင်းလဲပြုပြင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း သို့မဟုတ် ပစ္စည်းတစ်ခုအား ပိုင်ဆိုင်ခြင်းတို့ကြောင့် သေဆုံးစေနိုင်ခြင်း သို့မဟုတ် ခန္ဓာကိုယ်အား ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခြင်း၊ ပိုင်ဆိုင်မှုများကို သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာပျက်စီးစေခြင်း ဖြစ်ပေါ်စေလိုသောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုများမပြုရ။

၁၂၂။ မည်သူမျှ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းကို မည်သည့်နည်းလမ်းဖြင့် ဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် ပျံ့နှံ့စေခြင်း သို့မဟုတ် နျူကလီးယားပစ္စည်းကိရိယာကို အသုံးပြုခြင်း သို့မဟုတ် ပြုလုပ်ခြင်း၊ နျူကလီးယားအဆောက်အအုံတစ်ခုကို အသုံးပြုခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြင့်

ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကို ထွက်လာစေခြင်း သို့မဟုတ် ထွက်လာခြင်းကြောင့် အန္တရာယ်ကျရောက်မှု ဖြစ်စေနိုင်သည့် တစ်ဖက်ဖော်ပြပါ ဆောင်ရွက်ချက်တစ်ခုခုကို ပြုမူဆောင်ရွက်ခြင်းမပြုရ -

(က) တမင်ရည်ရွယ်၍ လူပုဂ္ဂိုလ်၏ အသက်ဆုံးရှုံးစေသည့် အန္တရာယ်ကျရောက်စေခြင်း သို့မဟုတ် ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေခြင်း၊ ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးမှုကို ဖြစ်ပေါ်စေခြင်း၊

(ခ) မည်သူမဆို လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို တစ်စုံတစ်ရာပြုလုပ်ရန် သို့မဟုတ် မပြုလုပ်ဘဲ ရှောင်လွှဲရန်အလို့ငှာ ဆောင်ရွက်ခြင်း သို့မဟုတ် အကျပ်ကိုင်ခြင်း၊

(ဂ) လူပုဂ္ဂိုလ်၏ အသက်ဆုံးရှုံးစေသည့်အန္တရာယ်ကျရောက်စေခြင်း၊ ပြင်းထန်စွာထိခိုက်ဒဏ်ရာ ရစေခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ သို့မဟုတ် ပတ်ဝန်းကျင်ကို ကြီးမားစွာ ပျက်စီးစေခြင်း။

၁၂၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အခြေခံသတ်မှတ်ချက်များပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။

## အခန်း (၁၉)
## ပြစ်ဒဏ်များ

၁၂၄။ မည်သူမဆို ပုဒ်မ ၁၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၂၅။ မည်သူမဆို ပုဒ်မ ၁၀၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်းစီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၂၆။ မည်သူမဆို ပုဒ်မ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅ သို့မဟုတ် ၁၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်းဖြစ်ပါက အခြားနည်း စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၁၂၇။ မည်သူမဆို ပုဒ်မ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀၊ ၁၂၁ သို့မဟုတ် ၁၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ် ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။ သို့သော် လူနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ရှိစေနိုင်သော ပစ္စည်း ဖြစ်ပါက အခြားနည်းစီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၂၀)
## အထွေထွေ

၁၂၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၂၉။ နျူကလီးယားလုပ်ငန်းနှင့်လုပ်ဆောင်မှုများဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အခြေခံသတ်မှတ်ချက်များပါ တားမြစ်ချက်များကို ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရန် ပေါ်ပေါက်ပါက တရားစွဲဆိုခြင်းမပြုမီ ကော်မတီ၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၁၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၃၁။ ဤဥပဒေဖြင့် အဏုမြူစွမ်းအင်ဥပဒေကို ရုပ်သိမ်းလိုက်သည်။

၁၃၂။ အဏုမြူစွမ်းအင်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ ကျင့်သုံးရန်လိုအပ်ပါက ဆက်လက်ကျင့်သုံးနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၃၄/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**အခကြေးငွေပေးရေးဥပဒေကြမ်းထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **အခကြေးငွေပေးရေးဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## အခကြေးငွေပေးရေးဥပဒေ (မူကြမ်း)

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

**နိဒါန်း**

အလုပ်သမားများရထိုက်ခွင့်ရှိသည့် အခကြေးငွေ အပြည့်အဝရရှိရေး၊ အချိန်မှန်ရရှိစေရေးနှင့် အလုပ်ရှင်က အလုပ်သမား၏ အခကြေးငွေများထဲမှ တရားမဝင် နုတ်ယူဖြတ်တောက်မှုမရှိစေရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အခကြေးငွေပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခကြေးငွေ**ဆိုသည်မှာ အလုပ်ရှင်၏နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့်

ရသင့်သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့မပါဝင် -

(၁) ခရီးစရိတ် သို့မဟုတ် ခရီးသွားလာမှုအတွက် အထူးထောက်ပံ့စရိတ်များ၊

(၂) လုပ်ငန်းသဘာဝအရ နှစ်ဖက်ကြိုတင်ညှိနှိုင်းထား၍ ခေတ္တစိုက်ထုတ်ကျခံသုံးစွဲငွေများ၊

(၃) လူမှုဖူလုံရေး အကျိုးခံစားခွင့်ငွေကြေးများ၊

(၄) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အလုပ်သမားအတွက် ပေးသွင်းသည့်ထည့်ဝင်ကြေးများ၊

(၅) နေထိုင်ခနှင့်စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အခွန်အခများ၊

(၆) ဆေးကုသစရိတ်နှင့် အပန်းဖြေခများ၊

(၇) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊

(၈) ပင်စင်လစာနှင့် အငြိမ်းစားလုပ်သက်ဆုငွေ၊

(၉) ဝန်ကြီးဌာနက ဤဥပဒေပါ အခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော အခြားငွေကြေးများ။

(ခ) **အလုပ်ရှင်**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံး တစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏အမွေဆက်ခံသူနှင့် တရားဝင်ကိုယ်စားလှယ်တို့ ပါဝင်သည်။

(ဂ) **အလုပ်သမား**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ကာယဉာဏအားကိုအသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်ကို လုပ်ကိုင်၍ရရှိသောအခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့် ပညာသင်များ၊ စာရေးနှင့်ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့် အိမ်ယာဉ်မောင်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေးအလုပ်သမား၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သားတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး**ဆိုသည်မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)
## အခကြေးငွေပေးရမည့်နည်းလမ်းများနှင့် အချိန်ကာလ

၃။ အလုပ်ရှင်သည် -

(က) မိမိ၏ လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကိုပြည်တွင်းသုံးငွေဖြင့် ဖြစ်စေ၊ ဗဟိုဘဏ်မှ သတ်မှတ်ရောင်းဝယ်နေသည့် နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ) ဤဥပဒေ၌ ဖော်ပြထားသည့် အခကြေးငွေဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်၌ မပါရှိသည့် သီးခြား အကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများအတွက် ငွေကြေးပေးရန်ရှိပါက ဒေသ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက် အရဖြစ်စေ၊ သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ ငွေသားတချို့တစ်ဝက်နှင့် ဒေသ ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်ထားသောပစ္စည်း တချို့တစ်ဝက် တွဲဖက်၍ဖြစ်စေပေးနိုင်သည်။

(ဂ) အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရစစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ် သတ်မှတ်ပြီး ရက်ပေါင်း (၆၀) အတွက် အခကြေးငွေထုတ်ပေးရမည်။

၄။ အလုပ်ရှင်သည် -

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုအတွက် အခကြေးငွေကို ထိုအလုပ်ပြီးဆုံးသည်နှင့်အလုပ်သမားအားပေးရမည်။ သို့ရာတွင်ထိုအလုပ်တစ်ခုခု အတွက် အခကြေးငွေကို လစဉ်ပေးရန် အလုပ်သမားက သဘောတူလျှင် သတ်မှတ်ထားသည့် ကာလအတွင်း ပေးရမည်။

(ခ) အခကြေးငွေပေးရန် ကာလအပိုင်းအခြား သတ်မှတ်ရာတွင် တစ်လထက်မကျော်စေရ။

(ဂ) ပုဒ်မခွဲ (က) အရ အခကြေးငွေကို လစဉ်ပေးရာတွင် -

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးရမည်။

(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပြီး ၅၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလ အပိုင်းအခြားကုန်ဆုံးပြီးနောက် (၅) ရက်အတွင်းပေးရမည်။

(၃) အလုပ်သမားဦးရေ ၅၀၀ ထက်ပိုပြီး ၁၀၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလ အပိုင်းအခြားကုန်ဆုံးပြီးနောက် (၇) ရက်အတွင်း ပေးရမည်။

(၄) အလုပ်သမားဦးရေ ၁၀၀၀ ထက်ပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံး ပြီးနောက် (၁၀) ရက်အတွင်း ပေးရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့် အခကြေးငွေကို အလုပ်မှရပ်စဲခြင်း ခံရသည့်နေ့မှ အလုပ်ဖွင့်ရက် (၂) ရက်အတွင်း ပေးရမည်။

(င) အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်နို့တစ်ပေး၍ မိမိဆန္ဒအရ အလုပ်မှနုတ်ထွက်ပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးရမည်။

(စ) သေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက် (၂) ရက်အတွင်း သေဆုံးသူ၏ တရားဝင် အမွေဆက်ခံသူထံသို့ ပေးရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးရမည်။

၅။ အလုပ်ရှင်သည် မမျှော်လင့်သော ထူးခြားသည့်အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် ပုဒ်မ ၄ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန်အခက်အခဲရှိပါက အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်ညှိနှိုင်း

သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့သို့ပြောင်းလဲပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည်။

၆။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ တင်ပြချက်ကိုစိစစ်ပြီး ခွင့်ပြုသင့်ပါက ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်ပြီး သင့်လျော်သော အချိန်ကာလအတွင်း ရွှေ့ဆိုင်း၍ပေးရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာဥပဒေအရအခကြေးငွေခံစားခွင့်ရှိသည့် ခွင့်ရက်များနှင့်အများပြည်သူအလုပ်ပိတ်ရက်များမှအပ အလုပ်မဆင်းသည့် ကာလအတွက် အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ခ) အခကြေးငွေတွင် ပါဝင်ခြင်းမရှိသည့် အလုပ်ရှင်မှ စီစဉ်ပေးသည့် နေထိုင်ခနှင့် ပို့ကြိုယာဉ်စရိတ်၊ စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့် အလုပ်သမားမှပေးဆောင်ရမည့် ဝင်ငွေခွန်၊ မှားယွင်း၍ ပိုပေးမိသော အခကြေးငွေများကို နုတ်ယူဖြတ်တောက်နိုင်သည်။

(ဂ) အလုပ်သမား၏ တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ သို့မဟုတ် အလုပ်သမားအတွက် စုငွေ၊ ဥပဒေအရထည့်ဝင်ကြေးငွေများ တစ်ရပ်ရပ်ကို အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ဃ) တရားရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အမိန့်အရ အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

၈။ အလုပ်ရှင်သည် ပုဒ်မ ၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ အခြားသောကိစ္စများအတွက် နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့် လစာငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည် -

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သောသဘောဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ အလုပ်ရှင်မှ အလုပ်သမားအား အတိအလင်းအပ်နှံထားသော ငွေကြေး၊ ပစ္စည်းတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ပါဒဏ်ငွေ သတ်မှတ်ထားသည့်အလုပ်ခွင် စည်းကမ်းချက်တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

၁၁။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၀ အရ ပေးလျော်ရန်ဒဏ်ငွေအဖြစ်သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုမီ မည်သည့်ကိစ္စအတွက် မည်သို့မည်မျှဖြတ်တောက်မည်ကို ဦးစီးဌာန၏ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(ခ) အထက်ပုဒ်မခွဲ (က) ပါ ခွင့်ပြုချက်ကို သက်ဆိုင်ရာအလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ဂ) ပုဒ်မ ၁၀ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် -

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့်တစ်စုံတစ်ရာမပေးဘဲ ထိုအခကြေးငွေမှနုတ်ယူဖြတ်တောက်ခြင်းမပြုရ။

(၂) အလုပ်သမား၏လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ ရာခိုင်နှုန်းထက်ပို၍ နုတ်ယူဖြတ်တောက်ခြင်း မပြုရ။

(ဃ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန် ဒဏ်ငွေမှ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန်ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှုတန်ဖိုးထက် မပိုစေရ။

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ် လုံးဝနုတ်ယူဖြတ်တောက်ခြင်းမပြုရ။

(စ) ချမှတ်ထားသော ဒဏ်ငွေအား ပေးချေရမည့် ကာလသတ်မှတ်ချက်ကို အလုပ်ရှင်နှင့်အလုပ်သမား သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းသဘော တူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေနှင့် စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ အခြေခံ အလုပ်သမား အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၂။ အလုပ်သမားသည် -

(က) အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းကဖြစ်စေ၊ စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေးကော်မတီကဖြစ်စေ၊ ဖြေရှင်းပေးရန် အလုပ်ရှင်သို့ တောင်းဆိုနိုင်သည် -

(၁) ရရန်ရှိသည့် အခကြေးငွေထဲမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း၊

(၂) အခကြေးငွေများကို ပေးချေရမည့် ကာလထက်ကျော်လွန်၍ ပေးချေရန်ပျက်ကွက်နေခြင်း။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက-

(၁) အထက်ပုဒ်မခွဲ (က) အရ နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန်ပျက်ကွက်သည့် နေ့မှ ၆ လအတွင်း ဦးစီးဌာနသို့ ဖြေရှင်းဆောင်ရွက်ပေးရန် လျှောက်ထားနိုင်သည်။

(၂) အထက်ပုဒ်မခွဲငယ် (၁) ပါ သတ်မှတ်ချိန်အတွင်း လျှောက်ထားခြင်းမရှိပါက သက်ဆိုင်ရာ တရားရုံး၌ တရားမကြောင်းအရ အလုပ်ရှင်ကို တရားစွဲဆိုနိုင်သည်။

## အခန်း (၄)
## အချိန်ပို အခကြေးငွေ

၁၃။ အလုပ်သမားသည် အချိန်ပိုလုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဝန်ကြီးဌာနက သတ်မှတ်သည့် နှုန်းထားအတိုင်း ရထိုက်ခွင့်ရှိသည်။

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏တာဝန်များ

၁၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ အခကြေးငွေပေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောစစ်ဆေးမှုများနှင့် ကြီးကြပ်မှုများပြုလုပ်နိုင်ရန်အလို့ငှာ စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၅။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေခွဲခြားသတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) ဤဥပဒေပါ ပြစ်မှုကျူးလွန်သော အလုပ်ရှင်အား သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိများသည် -

(က) စစ်ဆေးရေးအရာရှိချုပ်က စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့်အတိုင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၇။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန်အကျုံးဝင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေး အရာရှိ သက်သေခံကတ်ပြားကို ပြသပြီး အချိန်မရွေး ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် အခကြေးငွေပေးချေမှု၊ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မှုနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာအုပ်၊ မှတ်တမ်းစာအုပ်၊ စာရင်းဇယား၊ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်သည့်ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းနိုင်သည်။

(ဂ) အခကြေးငွေပေးချေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် စာရင်းဇယားများ၊ စာရွက်စာတမ်း အထောက် အထားများကို မိတ္တူရယူခြင်းနှင့် လိုအပ်ပါက မူရင်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

## အခန်း (၆)
## တရားစွဲဆိုခြင်း

၁၈။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် စစ်ဆေးရေးအရာရှိတစ်ဦးဦးက သက်ဆိုင်ရာတရားရုံးတွင် ပြစ်မှုကြောင်းအရ တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထိုသို့ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းကြောင့်အလုပ်သမားက ၎င်းရရန် ရှိသော အခကြေးငွေများရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆိုတောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

၁၉။ အခကြေးငွေပေးရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုသည် အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့်ဖြစ်သည်ဟု တရားရုံးက ဆုံးဖြတ်လျှင် အခကြေးငွေပေးခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) မမျှော်လင့်သော အရေးပေါ်အခြေအနေ ပေါ်ပေါက်လာသဖြင့် အခကြေးငွေကို မည်သို့မျှ မပေးနိုင်ခြင်း၊

(ခ) အလုပ်ရှင်သည် ကြွေးမြီမပေးဆပ်နိုင်သည့် လူမွဲအဖြစ် ကြေညာခံထားရသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာ အလုပ်သမားကိုယ်တိုင် လာရောက်ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးသည့် အခကြေးငွေကို လက်ခံယူရန် ပျက်ကွက်ခြင်း။

၂၀။ အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက် ထားသည့် အခကြေးငွေများနှင့်ပတ်သက်သည့် တရားမမှုကို မည်သည့်တရားရုံးကမျှ လက်ခံခြင်းမပြုရ -

(က) ပြန်လည်တောင်းခံထားသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့်အခကြေးငွေများနှင့် စပ်လျဉ်း၍ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဌာနသို့ လျှောက်ထားသည့် ကိစ္စမပြီးပြတ်သေးခြင်း၊

(ခ) တောင်းခံလျှောက်ထားသူအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားပြီးသည့်ငွေဖြစ်နေခြင်း၊

(ဂ) တောင်းခံလျှောက်ထားသူအား ပေးရန်မလိုသောငွေဟု အတည်ပြုပြီးသော ငွေဖြစ်နေခြင်း။

## အခန်း (၇)
## တားမြစ်ချက်များ

၂၁။ မည်သည့်အလုပ်ရှင်မျှ ဤဥပဒေအခန်း (၂) ပုဒ်မ ၄ နှင့် ၅ တို့ပါ အခကြေးငွေပေးရန် တာဝန်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၂၂။ မည်သည့် အလုပ်ရှင်မျှ ဤဥပဒေ အခန်း(၃) ပုဒ်မ ၇၊ ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့ပါ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ (သို့မဟုတ်) အမိန့်ကြော်ငြာစာပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၂၄။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁ သို့မဟုတ် ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် ၂၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၅။ ပုဒ်မ ၂၄ ပါအတိုင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ပြစ်မှုစီရင်ခြင်းခံရသည့်နေ့မှ နောင် ၂ နှစ် အတွင်း ယခင်ဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၅၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့်အခကြေးငွေကို အလုပ်သမားအားပေးချေရန်အမိန့်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို အခကြေးငွေပေးချေခြင်း သို့မဟုတ် အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် စွပ်စွဲတိုင်ကြားကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၂၈။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီဆောင်ရွက်သော ဦးစီးဌာနရှိ ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အောက် လျော့နည်း၍ချုပ်ဆိုသည့် မည်သည့်သဘောတူညီချက် သို့မဟုတ် မည်သည့်သဘောတူစာချုပ်မဆို ပျက်ပြယ်စေရမည်။

၃၀။ အလုပ်ရှင်သည် ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းပါ ပြဋ္ဌာန်းချက်အနှစ်ချုပ်ကို သက်ဆိုင်ရာ လုပ်ငန်းခွင်တွင် အများမြင်သာသည့်နေရာ၌ ထင်ရှားစွာ ချိတ်ဆွဲ ပြသထားရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၂။ The Payment of Wages Act, 1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၅/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

**တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၅၄ ။ )

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံးနှင့်လည်းကောင်း၊ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်သော နိုင်ငံသားနှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်စဉ် နိုင်ငံသားနှင့် ထိမ်းမြားသော နိုင်ငံခြားသားနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံသား**ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်။

(ခ) **မြန်မာနိုင်ငံတွင်နေထိုင်သူ**ဆိုသည်မှာ မြန်မာနိုင်ငံတွင်အမြဲဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူကို ဆိုသည်။

(ဂ) **ယောကျာ်း**ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူယောကျာ်းကို ဆိုသည်။

(ဃ) **မိန်းမ**ဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေနှင့်အညီ ထိမ်းမြားကြသော လင်နှင့်မယားတို့ တစ်ဦးအပေါ် တစ်ဦး သစ္စာရှိစွာဖြင့် သာယာချမ်းမြေ့သည့် အိမ်ထောင်တည်ဆောက်နိုင်စေရန်၊

(ခ) တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဖြင့် အမျိုးသမီးများ တရားမဝင်မယားအဖြစ် ရောက်ရှိခြင်းမှ ကာကွယ်ရန်၊

(ဂ) အိမ်ထောင်ဘက်တစ်ဦးထက်ပို၍ယူခြင်းကြောင့် ဖြစ်ပွားနိုင်သည့် အိမ်ထောင်ရေးပြဿနာနှင့် အိမ်ထောင်ရေးမှုခင်းများကို တားဆီးနိုင်ရန်၊

(ဃ) အမျိုးသား၊ အမျိုးသမီးများ၏ ကိုယ်ကျင့်တရား ပိုမိုထိန်းသိမ်းနိုင်ကြစေရန်။

## အခန်း (၃)
## တစ်လင်တစ်မယားစနစ်ဖြင့် ထိမ်းမြားခြင်း

၅။ မည်သည့် ယောကျာ်းနှင့်မိန်းမမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်ထိမ်းမြားခြင်း ပြုနိုင်သည်။

၆။ ဤဥပဒေ အာဏာတည်ပြီးနောက် ယောကျာ်းနှင့်မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မယား စနစ် ကျင့်သုံးခြင်းသာလျှင် တရားဝင်အတည်ဖြစ်သည်။

၇။ မြန်မာဗုဒ္ဓဘာသာဝင်အချင်းချင်း ထိမ်းမြားခြင်းသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ညီညွတ်ပါက တရားဝင်အတည်ဖြစ်သည်။

၈။ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျာ်းတို့ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေနှင့် ညီညွတ်ပါက တရားဝင် အတည်ဖြစ်သည်။

၉။ ဗုဒ္ဓဘာသာဝင် မဟုတ်သူအချင်းချင်း ယင်းတို့နှင့်သက်ဆိုင်သည့် ဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် အညီ ထိမ်းမြားခြင်းသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

## အခန်း (၄)
## တားမြစ်ချက်များ

၁၀။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့် မယားတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ တရားဝင်ထိမ်းမြားပြီးသည့် ယောကျာ်း သို့မဟုတ် မိန်းမသည် အဆိုပါ ထိမ်းမြားမှုတည်မြဲနေစဉ်ကာလအတွင်း ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင် နေထိုင်ပေါင်းသင်းခြင်းမပြုရ။

၁၁။ ယောကျာ်း သို့မဟုတ် မိန်းမသည် ယခင်ကထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ ထိမ်းမြားခဲ့ဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ခိုင်မာသည့် အထောက် အထားတင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့် ထပ်မံ၍ ထိမ်းမြားနိုင်သည်။

၁၂။ မည်သူမျှ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံ၍ ထိမ်းမြားမှုမပြုရ သို့မဟုတ် လင်မယားအဖြစ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရ။

**အခန်း (၅)**

**ပြစ်ဒဏ်များ**

၁၃။ မည်သူမဆို ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၁၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားသည် အခြားသူနှင့် ထပ်မံ၍ ထိမ်းမြားလျှင် ဤဥပဒေအရ အိမ်ထောင်ရေးပြစ်မှုကိုကျူးလွန်ခြင်းဖြစ်၍ ကျန်သည့်မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၄ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ၎င်း၏အခွင့်အရေးများ ဆုံးရှုံးခြင်းခံရမည်။

၁၆။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးသည် အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက တရားမဝင်ထိမ်းမြားခြင်းဖြစ်သဖြင့် နောက်မိန်းမသည် ထိုယောကျ်ား၏ အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမယူသည့် ယောကျ်ားသည်လည်း ပထမမိန်းမနှင့် နောက်မိန်းမတို့၏ အမွေကို ဆက်ခံခွင့်မရှိစေရ။

၁၇။ မည်သူမဆို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက ၁၀ နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**အခန်း (၆)**

**အထွေထွေ**

၁၈။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးဦးသည် အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ယင်းထိမ်းမြားမှုကို ထိမ်ချန်၍ အခြားယောကျ်ား သို့မဟုတ် မိန်းမတစ်ဦးကို ထပ်မံထိမ်းမြားပါက နစ်နာသူသည် တရားမကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၁၉။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ တရားဝင်အတည်ဖြစ်သည့် ထိမ်းမြားခြင်းကို ဤဥပဒေက မထိခိုက်စေရ။

၂၀။ တရားမဝင်ထိမ်းမြားလက်ထပ်ခြင်း သို့မဟုတ် ထိမ်ချန်ထိမ်းမြားလက်ထပ်ခြင်းကြောင့် ရရှိလာသော သား၊ သမီးများသည် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဆုံးရှုံးခြင်းမရှိစေရ။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

## ရှမ်းပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း

၁။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ရှမ်းပြည်နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ရှမ်းပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစိုင်းနွံတောင်း | အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (၂) | ဦးပွင့် | ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဒု-ဥက္ကဋ္ဌ |
| (၃) | ဦးစိုင်းထွန်းမြ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးခွန်စိန်ဝင်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းတစ်ဆိုင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဒေါ်စဝ်ဥမ္မာကြည် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းထွန်းထွန်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၈) | ဦးအောင်မင်း | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (လဝက) | အဖွဲ့ဝင် |
| (၉) | ဦးတင်မြင့် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဥပဒေ) | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမိုးဆွေ | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်စီစီချိန် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းလှိုင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးမြင့်အောင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပညာရေး) | အဖွဲ့ဝင် |
| (၁၄) | ဦးစိုင်းသိန်းလွင် | အဖွဲ့ဝင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပြန်ဆက်) | အဖွဲ့ဝင် |
| (၁၅) | ဦးစိုင်းကျော်မြင့် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၆) | ဦးခွန်စိန်အောင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးဝင်းမြင့် | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးခွန်မျိုးမြင့်ဦး | ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးထွန်းဝင်း | အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးအောင်သိန်း | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးကျော်စိုးကောင်း | ကယန်းအမျိုးသားပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးတင်ကို | ဓနုအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၃) | ဦးစိန်လေးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးဘိုရွှေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးခင်မောင်ညွန့် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၆) | ဦးဖော်လတ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၇) | ဒေါ်ခင်မိုးမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၈) | ဦးအားလယ် | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၉) | ဦးဒယ်နီယာထီး | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၃၀) | ဦးစိုင်းမြသောင်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၁) | ဦးချစ်ဆွေ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၂) | ဒေါ်နန်းမိုမိုသီတာ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၃) | ဦးခွန်ကျော်ဇေယျ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၄) | ဦးရဲခေါင်ညွှန့် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၅) | ဦးကြည်ဝင်း | အတွင်းရေးမှူး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၃၆) | ဦးသန်းလွင်မြင့် | ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရွေးကောက်ပွဲအကြိုကာလနှင့်ရွေးကောက်ပွဲကာလများတွင် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများအား သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကလည်းကောင်း၊ သက်ဆိုင်ရာဌာန(သို့မဟုတ်)ပုဂ္ဂိုလ်များကလည်းကောင်း တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီစေ့စပ်ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြလာသည့် အငြင်းပွားမှုများကို ဥပဒေနှင့်အညီ စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် အစည်းအဝေးထိုင်၍ ကော်မတီအဖွဲ့ဝင်အများစု၏ ဆန္ဒနှင့်အညီ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ညှိနှိုင်းပေးခြင်း၊

(ဃ) တင်ပြလာသော အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဖြေရှင်းရာတွင် ဆုံးဖြတ်ရန် ခက်ခဲသော အခြေအနေပေါ်ပေါက်ပါက ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ၏လမ်းညွှန်မှုကို ခံယူ၍ ဆောင်ရွက်ခြင်း၊

(င) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား စေ့စပ်ညှိနှိုင်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိခြင်း။

၃။ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ (၁၇) ခုအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **ကျောက်မဲခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
